www.dhammadownload.com




အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

၃

# ပြုံးသေ မဲ့သေ

သေနည်းတရားတော်

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့ – မင်္ဂလာတိုက်ဟောင်း၌

ဟောကြားပြသ ဆုံးမတော်မူအပ်သော

# ပြုံးသေ မဲ့သေ

သေနည်းတရားတော်

(၂၇–၁၁–၆၀)

www.dhammadownload.com

www.dhammadownload.com

ရန်ကုန်မြို့ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်တွင် ဖြန့်ဖြူးရောင်းချနေသော သစ္စာလေးပါး တရားတော် အမှတ်စဉ် (၃၂)မှ ထုတ်နှုတ် ပုံနှိပ်ခြင်း ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊
☞ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။
မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

| | | |
|---|---|---|
| အကြိမ် | – | ဒုတိယအကြိမ် |
| အုပ်ရေ | – | ၃၀၀၀ |
| ခုနှစ် | – | ၁၉၉၅ ခု၊ ဇန်နဝါရီလ |
| | – | |

| | |
|---|---|
| ထုတ်ဝေသူ။ | ဦးအောင်ချို၊ ( မြဲ–၀၈၃၁ )<br>မိုးကုတ်ဝိပဿနာတရားစဉ်နှင့်<br>လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊<br>အမှတ်–၈၂၊ နတ်မောက်လမ်း၊<br>ရန်ကုန်မြို့။ |
| အတွင်းစာသားနှင့်<br>အဖုံးပုံနှိပ်ခြင်း | ဦးဝင်းအောင်၊ ( မြဲ–၀၅၁၃၁)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်<br>အမှတ် ၈၄၊ လမ်း (၅၀)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့<br>က တာဝန်ခံ ပုံနှိပ်သည်။ |

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်
၃ / ၉၅ (၃)
စာအုပ်မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၄ / ၉၅ (၃)

www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့မင်္ဂလာတိုက်၌ ဟောကြားတော်မူသော

# ပြီးသေ မဲ့သေ သေနည်း

# အလုပ်ပေး တရားတော်

(၂၇–၁၁–၆၀)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုတဲ့ ဇာဏုသောနိ ပုဏ္ဏားဆိုတာက မေးတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဇာဏုသောနိ ပုဏ္ဏားက မေးတယ်။

အရှင်ဘုရားတဲ့..... တပည့်တော်တွေရတဲ့ပုဂ္ဂိုလ်အပေါင်းမှာဖြင့် တပည့်တော် ဉာဏ်ထဲမှာ ချိန်ဆလို့ရတဲ့ သဘောတွေပြောရလို့ရှိရင်ဖြင့် သေရမှာကို မကြောက်တဲ့ ပုဂ္ဂိုလ်၊ မလန့်တဲ့ ပုဂ္ဂိုလ်တော့ဖြင့် မရှိဘူးလို့တပည့်တော် အယူရှိပါတယ်ဘုရားလို့ လျှောက်တယ် ..... (မှန်လှပါဘုရား)။

www.dhammadownload.com



ဇာဏုံသောနိ ပုဏ္ဏားက လျှောက်တယ် ..... (မှန်လှပါဘုရား) တပည့်တော်အထင် တပည့်တော်အမြင်အတိုင်း ပြောရလို့ရှိရင်ဖြင့် သေရမှာကို မကြောက်တဲ့ ပုဂ္ဂိုလ်၊ မလန့်တဲ့ ပုဂ္ဂိုလ်ဆိုတာ လုံးဝမရှိဘူးလို့ တပည့်တော်အယူရှိပါတယ်လို့ ဘုရားကို လျှောက်တယ်။

အဲဒီအခါကျ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုဏ္ဏားတဲ့၊ ဇာဏုသောနိပုဏ္ဏား ..... ဒီလိုတစ်ထစ်ချ ယူမထားနဲ့ကွ၊ သေရမှာကြောက်တဲ့ပုဂ္ဂိုလ်လဲရှိတာပဲတဲ့၊မကြောက်တဲ့ပုဂ္ဂိုလ်လဲ ရှိတာပဲလို့ နှစ်မျိုးမှတ်ရမယ် ..... (မှန်လှပါဘုရား)။

သေရမှာကြောက်တဲ့ ပုဂ္ဂိုလ်က တစ်မျိုး၊ သေရမှာ မကြောက်တဲ့ ပုဂ္ဂိုလ်က ..... (တစ်မျိုးပါဘုရား) ဘယ်နှစ်မျိုး ပါလိမ့် ..... (နှစ်မျိုးပါဘုရား)။

နှစ်မျိုးရှိတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်ထားကြစမ်းပါ၊ ဒီတရား ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဒီပုဏ္ဏားက လျှောက်တဲ့အတွက်ကြောင့် အမေးအဖြေ ထွက်ရပါတယ်ဆိုတာ ဒကာဒကာမတွေ သိပြီးသားအတိုင်း အားလုံးနဲ့ ဆက်ဆံလို့ ဆိုတဲ့အဓိပ္ပာယ်မှတ်ပါတော့ ..... (မှန်လှပါဘုရား)။

အားလုံးနဲ့ ဆက်ဆံလို့ ဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ ပစ္စုပ္ပန်သန္ဓေ နေတဲ့ နေ့ကစ, ပြီးသကာလ ကျုပ်တို့ ပြေးလွှားပြီး သကာလ လာကြတာသည်၊ ဘယ်မြို့ ဘယ်ဌာနရောက်ဖယ်

www.dhammadownload.com



ဆိုတာကတော့ဖြင့် အပြောပဲလို့ မှတ်ရမယ် ..... (မှန်လှပါဘုရား)။

သေရာဌာနကိုပြေးတာကဖြင့်သေချာတယ်..... (သေချာပါတယ်ဘုရား)။

ဟိုမြို့ရောက်လဲ သေခါနီးတာပဲ ..... (မှန်လှပါဘုရား) ဟိုမြို့ကလဲ ဒီမြို့ဆက်ပြေးပြန်တော့ရော ..... (သေခါနီးတာပါဘုရား)။

ဒါဖြင့် သုသာန်အရောက် ပြေးနေတဲ့လမ်းပဲ မဆိုနိုင်ကြဘူးလား ..... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ သုသာန်အရောက် ပြေးနေတဲ့လမ်းပဲလို့ ဒကာဒကာမတွေ ဆုံးဖြတ်ချက်ချနေတော့ ယုတ်စွအဆုံး ပြောကြပါစို့၊ တရားနာနေတာတောင်မှ သုသာန်သွားရင်း တရားနာနေတာလို့ ဆရာဘုန်းကြီးက ဆုံးမတယ် ..... (မှန်လှပါဘုရား)။

ဘုရားက ဆုံးမတယ် ..... (မှန်လှပါဘုရား)။

ထိုင်စ, ထက် အခု သုသာန်နဲ့ နီးတယ်ဆိုတာက မသေချာဘူးလား ..... (သေချာပါတယ်ဘုရား) ထိုင်စ, ထက် သေခါနီးဆိုတာကရော ..... (သေချာပါတယ်ဘုရား)။

ဒါတွေဦးလှဘူးတို့၊ ဒကာကြွယ်တို့၊ ဒကာသိုက်တို့၊ ကျုပ်တို့ သည်ကား ဆိုလို့ရှိရင်ဖြင့် ထိုင်နေလဲ ဒီနေရာဌာနကိုတော့ အရောက်သွားတာပဲ.....(သွားတာပါပဲဘုရား)ထိုင်ရင်းသွားတယ်။

www.dhammadownload.com



အိပ်နေပြန်တော့ ..... (အိပ်ရင်းသွားပါတယ်ဘုရား)။

စားနေပြန်တော့ ..... (စားရင်းသွားပါတယ်ဘုရား)။

ပြောနေပြန်တော့ ..... (ပြောရင်းသွားပါတယ်ဘုရား)။

ဩော် ..... ဒါဖြင့် ဒကာဒကာမတို့ ဒီပြင်ဟာတွေကဖြင့် လွဲတယ်, ချော်တယ် ရှိသေးတယ်နော် ..... (မှန်လှပါဘုရား) တို့ သုသာန် သွားတဲ့ အလုပ်ကတော့ လွဲတယ်, ချော်တယ်လို့ မရှိတော့ပါဘူး ..... (မရှိပါဘူးဘုရား) နီးကပ် နီးကပ်သွားတာ သေချာတော့တာပဲ ..... (သေချာပါတယ်ဘုရား) မဆိုနိုင်ဘူးလား ..... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ သေသေချာချာ ဒကာဒကာမတွေက ဉာဏ်နဲ့ ချဉ်းစားလိုက်တော့မှ ဩော် ..... တို့သည်ကားလို့ဆိုရင် တစ်ဘဝလဲ ဒီလမ်းပဲ ပြေးရပြန်တာပဲ၊ နောက်ဘဝ ရပြန်တော့ရော ..... (ဒီလမ်းပဲပြေးရတာပါဘုရား) အင်း..... နောက် အနာဂတ် တတိယဘဝ ရောက်ပြန်တော့ရော ..... (ဒီလမ်း ပြေးရတာပါဘုရား)။

ဒါဖြင့် ဒီလမ်းပြေးတဲ့ အလုပ်ဟာဖြင့် ကျုပ်တို့သည် ဝဋ်သမားမို့ ပြေးရတဲ့အလုပ်ပဲလို့ မှတ်ပေတော့ ..... (မှန်လှပါ ဘုရား)။

ဝဋ်ရှိတဲ့ ပုဂ္ဂိုလ်မို့ ဒီလမ်းချည်း ပြေးရတာ ..... (ပြေးရပါတယ်ဘုရား) ဝဋ်ကျွတ်တဲ့ ပုဂ္ဂိုလ်ဖြင့် ဒီလမ်း

www.dhammadownload.com



မပြေးပါဘူး ..... (မပြေးပါဘုရား)။

အဲဒါကြောင့် ဒကာဒကာတို့ အားလုံးက ညည်းနေကြတာက အိုပြီ၊ သေရချည်သေးရဲ့ ..... (မှန်လှပါ) တော်တော်ကြာနောက်ဘဝကျတော့ အိုပြန်ပြီ၊ သေရချည်သေးရဲ့ ..... (မှန်လှပါ)။

ဒါသာ ညည်းလုံးတွေ ထုတ်နေကြတာပဲ ဒကာဒကာမတို့၊ လမ်းခွဲကို မရှာဘူး ..... (မရှာပါဘုရား) မရှာတာကလဲ ဦးလှဘူးတို့၊ ဒကာကြွယ်တို့က စဉ်းစားရမယ်၊ ဩော် ..... မသိတဲ့ပုဂ္ဂိုလ် ရှာဖို့အရေးဟာ အတော်ကွာဝေးတာပါလား ဆိုတာ ပေါ်လာတယ်၊ မပေါ်လာဘူးလား ..... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း ..... ဒါဖြင့် ဒကာဒကာမတို့ သေရမှာကြောက်တဲ့ပုဂ္ဂိုလ်ချည်းလို့ ဇာဏုသောနိပုဏ္ဏားက ပြောတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကြောက်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး မကြောက်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး ရှိပါတယ်လို့ ပြောတယ် ..... (ပြောပါတယ်ဘုရား)။

ဒါဖြင့် သေရှာသွားတဲ့ လူချင်းတူပေမယ့်လဲ ကြောက်သွား၊ သွားတဲ့ပုဂ္ဂိုလ် ..... (မှန်လှပါ) မကြောက်ဘဲနဲ့ ရဲရဲတင်းတင်းသွားတဲ့ပုဂ္ဂိုလ်၊ (မှန်လှပါ) နှစ်မျိုးရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ရှင်းသွားပြီ ..... (ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် ဘုရားတဲ့၊ တပည့်တော်ယူထားတဲ့ အယူက

www.dhammadownload.com



တစ်ယူတည်းဖြစ်နေတော့ အရှင်ဘုရားက မကြောက်တဲ့ ပုဂ္ဂိုလ်၊ သေရမှာ မကြောက်တဲ့ပုဂ္ဂိုလ်ရှိသေးတယ်ဆိုတာ ရှင်းပြစမ်းပါဦး ..... (မှန်လှပါ) မမေးသင့်ဘူးလား ..... (မေးသင့်ပါတယ် ဘုရား)။

'အေး ..... ဒီတရားကို စ, ပြီးသကာလ ဟောရတာ ဒကာဒကာမတို့၊ ကျုပ်တို့ ဆရာဘုန်းကြီးနဲ့တကွ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လမ်းခွဲလဲ တွေ့အောင်၊ ဒီဘဝ သေပြန်လို့ ရှိရင်လဲ မကြောက်ဘဲနဲ့ သေရင် ကိစ္စပြီးပုံကို ဟောလို ပြောလိုလို့ ဒီတရားကို အဂ္ဂိုတ္တိုရ် ပါဠိတော်က စ, လာတာ ..... (မှန်လှပါ ဘုရား)။

ဒီ ဒကာဒကာမတွေမှာ ဘယ်အခြေအနေ ရောက်အောင် စခန်းပေါက်အောင် လုပ်ထားလို့ ရှိရင်ဖြင့် မကြောက်ဘူးဆိုတဲ့ အဓိပ္ပာယ်ဘက်ကို သေချာ သက်ရောက်အောင်လို့ ဦးလှဘူးရဲ့ ပြောတာ ..... (မှန်လှပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ ယနေ့တရားကိုဖြင့် သြော် ..... တို့သည်ကား ဆိုလို့ရှိရင်ဖြင့် ဒီလမ်းတော့ သွားနေတာပဲ၊ မကြောက်တဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့ သွားရအောင်၊ တို့သည်ကား ဆိုရင် ဘယ်ဟာ လက်ကိုင်ထားမှသာလျှင် မကြောက်တဲ့အဖြစ်သို့ ရောက်မယ်၊ ကြောက်တဲ့အဖြစ်သို့ ရောက်ရင်ဖြင့် ဆိုးရွားပါလိမ့် မယ်ဆိုတာလဲပေါ်လာပါလိမ့်မယ် ..... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ဒီလမ်းလွှတ်တဲ့ ပုဂ္ဂိုလ်ဖြင့် ဒီတရားပွဲ ဟောတဲ့ ပုဂ္ဂိုလ်ကအစ နာတဲ့ ပုဂ္ဂိုလ်အဆုံး ဘယ်သူမှ

www.dhammadownload.com



မလွတ်ပါဘူး ..... (မှန်လှပါဘုရား)။

လွတ်ပါ့မလား..... (မလွတ်ပါဘုရား)အဲဒီမလွတ်တာတွေ သိပြီးသကာလနေတော့ ဘြော် ..... ကြောက်သေ၊ မကြောက် သေနှင့် ခွဲကြဦးစို့ ..... (မှန်လှပါဘုရား)။

ဒါဖြင့် ကြောက်တဲ့ပုဂ္ဂိုလ်ကတဲ့ ဒကာဒကာမတို့ ဘယ်လို ရှိတဲ့ပုဂ္ဂိုလ်မျိုးမှ ကြောက်ပါသတုန်းဆိုရင် ဘုရားက လေးမျိုး ထုတ်ပြတယ် ..... (မှန်လှပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုဏ္ဏားတဲ့ ကြောက်တဲ့ ပုဂ္ဂိုလ်က လေးမျိုးရှိတယ်ကွာတဲ့၊ မကြောက်တဲ့ ပုဂ္ဂိုလ်ကလဲ လေးမျိုးရှိတယ်ကွ ..... (မှန်လှပါဘုရား) ကြောက်တဲ့ပုဂ္ဂိုလ်က (လေးမျိုးရှိပါတယ်) မကြောက်တဲ့ပုဂ္ဂိုလ်က ..... (လေးမျိုးရှိပါ တယ်)။

လေးမျိုးရှိတယ်လို့ဆိုတော့ တို့သည်ကားလို့ ဆိုလို့ရှိရင် မကြောက်တဲ့ လေးမျိုးတဲ့ အပါယူမယ်ဟ, ဆိုတဲ့ စိတ်ကိုမွေးထား ကြပါ ..... (မှန်လှပါဘုရား)။

မကြောက်တဲ့ လေးမျိုးထဲကို တို့အပါအဝင် ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ကိုဖြင့် အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမတွေ အရယူမယ်ဆိုတာဖြင့် ဒီနေ့ စိတ်ကြီးကြီး ကျယ်ကျယ် ခမ်းခမ်းနားနား မွေးရမှာပဲ ..... (မှန်လှပါဘုရား)။

မမွေးရင် မဖြစ်ပါဘူး ဒကာကြွယ်ရ ..... (မှန်လှပါ) သွားရမယ့် လမ်းမကြီး ကြောက်နေလို့ရှိရင်ဖြင့် ဘယ်မှာသာလျှင်

www.dhammadownload.com



လားရာဂတိ ကောင်းနိုင်ပါ့မလဲ ..... (မကောင်းနိုင်ပါဘုရား)။

မကြောက်ဘဲနဲ့ သွားတဲ့ပုဂ္ဂိုလ်သည် ဂတိရှိရင်လဲ ဂတိ ကောင်းပါလိမ့်မယ် ..... (မှန်လှပါဘုရား) ဂတိ မရှိတော့လို့ ရှိရင်လဲ ငြိမ်းချမ်းပါလိမ့်မယ် ..... (မှန်လှပါဘုရား) မဆိုနိုင်ဘူး လား ..... (ဆိုနိုင်ပါတယ်ဘုရား)။

အေး ..... ဒါကြောင့် ကြောက်တဲ့ ပုဂ္ဂိုလ်လေးမျိုး ဒကာသိုက်ရေ ..... ရှေ့ပိုင်းက ထုတ်ပြမယ် ..... (မှန်လှပါ ဘုရား) ကြောက်တဲ့ပုဂ္ဂိုလ်လေးမျိုးဆိုတဲ့ဥစ္စာသည်စတုက္ကနိပါတ် အင်္ဂုတ္တိုရ်က လေးမျိုးပဲပြတယ် ..... (မှန်လှပါဘုရား)။

ဘယ်လိုပုဂ္ဂိုလ် ကြောက်တယ်ဆိုတာ တစ်နံ့ပါတ် မှတ်ပါတော့ ဒကာဒကာမတို့။

၁။ ။ သားသမီးပစ္စည်း အာရုံ ဒါတွေကို ခင်တွယ်ပြီး သကာလ နေတဲ့ပုဂ္ဂိုလ်များ၊ သေခါနီးပြင်းထန်တဲ့ဝေဒနာရောက် လာလို့ရှိရင်ဖြင့် ဩော် ..... ဒီရှာထားတဲ့ ပစ္စည်း ဤမွေးထားတဲ့ သားသမီးတွေဖြင့် အစွန့်ကြီးစွန့်ပြီး အခွဲကြီးခွဲရတော့မှာပဲ ဆိုတဲ့ စိတ်ဟာ ပေါ်လာတယ် ..... (မှန်လှပါဘုရား)။

ပေါ်လာတော့ သူ့စိတ်ထဲမှာ သေချင်တဲ့စိတ်က ရှိရဲ့လား ..... (မရှိပါဘုရား) သေရမှာ မကြောက်ပေဘူးလား ..... (ကြောက်ပါတယ်ဘုရား)။

ဩော် ..... သူ့ကြောက်စိတ်သည် ဘယ့်နှယ်ကြောင့်

www.dhammadownload.com



ပေါ်ပါလိမ့်မတုံးတဲ့လက်သည်ရှာတော့၊ သားသမီးနဲ့ ပစ္စည်းမစွန့်ချင်လို့တဲ့၊ သားသမီးနဲ့ ပစ္စည်းကို မစွန့်ချင်တဲ့ သဘောတွေက သူ့မှာ အများကြီးပေါ်ပြီးသကာလ နေတဲ့အတွက် ဝေဒနာပြင်းထန်လာပြီ ဆိုမှဖြင့် ဒကာဒကာမတို့ သူ့စိတ်ထဲမှာ ကြောက်လာတာပဲ ....., (မှန်လှပါဘုရား)။

ကြောက်လာတယ်ဆိုတဲ့ ဉစ္စာသည် ဒေါမနဿဖြစ်တယ် ..... (မှန်လှပါ) ဒေါမနဿဖြစ်တော့ ဒကာဒကာမတွေ ဘုန်းကြီးက ဟောထားတယ်နော် ..... ။

သေခါနီးရောက်လာတော့ ဒေါသဆိုတာ မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒေါသတစ်နံပါတ်လာတော့ သောကက, နောက်က လိုက်လာတယ်၊ (လိုက်ပါတယ်ဘုရား) သောက လိုက်တဲ့ အခါကျတော့ ပရိဒေဝဆိုတာတွေ ဖြစ်ပေါ်လာတယ် ..... (ပေါ်လာပါတယ်ဘုရား)။

အင်း ..... ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတွေ ရော ..... (ပေါ်လာပါတယ်ဘုရား) ဒါတွေပေါ်မလာဘူးလား ..... (ပေါ်လာပါတယ်ဘုရား)။

အင်း ..... ဒီပုဂ္ဂိုလ်က ဘယ့်နှယ်ကြောင့် ပေါ်လာပါလိမ့် မလဲလို့ မေးလို့ရှိရင်ဖြင့် မရဏမ္ဗိ ဒုက္ခသစ္စာဆိုတဲ့ဉစ္စာသည် အင်း ..... ဒါမသိလို့ဘဲဗျ ..... (မှန်လှပါဘုရား) မသိလို့ ခုနင်က

www.dhammadownload.com



သားသမီးနဲ့ ပစ္စည်းအာရုံတွေဟာ အင်း ..... ဒုက္ခသစ္စာတွေပဲ၊ ဒီဥစ္စာတွေဟာ ဒုက္ခအစစ်တွေပဲဆိုတာ မသိလို့ ခင်ရှာသကိုးဗျ .....(မှန်လှပါ)။

မသိလို့ခင်တွယ်တဲ့အတွက်ဝေဒနာကပြင်းထန်လာတော့ အင်း..... ဒါတွေအတွက် အင်း..... ဒုက္ခတွေဖြစ်လို့ဒေါမနဿ တွေဖြစ်လို့ သောကတွေဖြစ်လို့ပရိဒေဝတွေဖြစ်လို့ဒီလိုမနေပေ ဘူးလား .... (နေပါတယ်ဘုရား) ဒီလိုနေပြီးသကာလ ဒကာ ဒကာမတွေ ဒီပုဂ္ဂိုလ်ဟာတဲ့စုတေစိတ်ကျသွားတယ်ဆိုကြစို့ ...,. (မှန်လှပါဘုရား) စုတေစိတ် ဒီဘက်မကျပေဘူးလား ..... (ကျပါတယ်ဘုရား)။

ဒီဘက်က ဒုက္ခဒေါမနဿ သောကပရိဒေဝ ဥပါယာသ တွေ မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

စုတေစိတ် ကျသွားတော့ ဒီပုဂ္ဂိုလ်ဟာ သစ္စာ ... အင်း ....., သားသမီးတွေနဲ့ ပစ္စည်းတွေဟာ ဒုက္ခသစ္စာတွေပါလား၊ အနိစ္စ ဒုက္ခ အနတ္တ တွေပါလား၊ ဒုက္ခသစ္စာ အစစ်တွေပါလားလို့ သူ့စိတ်ထဲမှာ သိလို့ သောကပရိဒေဝ ဒုက္ခဒေါမနဿ လာတာလား၊ မသိလို့ လာတာလား ..... (မသိလို့ လာတာပါ ဘုရား)။

မသိလို့လာတော့ ဒီသောကပရိဒေဝ ဒုက္ခဒေါမနဿတွေ ထဲမှာ အဝိဇ္ဇာကလာတယ် ..... (လာပါတယ်ဘုရား) မလာပေ

www.dhammadownload.com



ဘူးလား ..... (လာပါတယ်ဘုရား)။

အဝိဇ္ဇာကလာတဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ စုတေပြီးတဲ့အခါကျလို့ ရှိရင်ဖြင့် သူသည်ကားလို့ဆိုရင် ဘာဖြစ် သတုံးဆိုလို့ရှိရင်ဖြင့် သောကပရိဒေဝ ဒုက္ခဒေါမနဿတွေ ကလာတဲ့အခါကျတော့ အဝိဇ္ဇာကပါတယ်၊ အဝိဇ္ဇာပါတော့ သူ့စိတ်ထဲမှာ ကာယကံ ဝစီကံတွေနဲ့ ဟိုပြော ဒီပြော၊ မှာ၊ဆိုတာ တွေက မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

အဲဒါသည်ကာယကံ၊ ဝစီကံတွေကလာပြန်တော့ ဒီကံတွေ ကလဲ ယခုဘဝကံတွေဖြစ်နေတယ် ..... (မှန်လှပါ) ကံတွေဖြစ်ပြီး သကာလနေတော့ စုတေစိတ်လဲကျပါရော၊ ဒကာဒကာမတို့ ဒီဘက်မှာ၊ အင်း ..... သားသမီးနဲ့ ပစ္စည်းစွဲတဲ့ ပြိတ္တာ ပငိုသန္ဓေ မနေရပေဘူးလား ..... (နေရပါတယ်ဘုရား)။

အင်း ..... ပြိတ္တာ ပငိုသန္ဓေနေရတာ သေခါနီးမှာ ဒီပုဂ္ဂိုလ် သည် ကြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ် .... (မှန်လှပါဘုရား)။

သားသမီးနဲ့ ပစ္စည်းကို ခွဲရမှာ သူတို့နဲ့ ကွဲရမှာ သူတို့နဲ့ နောက်ဆုံးပိတ်အဖြစ်ကြုံရမှာ၊ ဒါတွေကို ကြောက်ပြီးသကာလ လာတဲ့အတွက်တဲ့ ..... ဒကာဒကာမတို့ စုတေစိတ်ကျပြီး ပြိတ္တာဘက်ကူးသွားတယ် ..... (မှန်လှပါ)။

ဒါဖြင့် ကြောက်သေ သေတဲ့ ပုဂ္ဂိုလ်ဘယ်ဘက်ကူးသွား သလဲ ..... (ပြိတ္တာဘက်ကူးသွားပါတယ်ဘုရား) ပြိတ္တာ

www.dhammadownload.com



ဘက်ကူးသွားတော့ ပြိတ္တာဇာတိဆိုတာ မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

စုတေပြီးတော့ ပဋိသန္ဓေဆိုတာလာရတော့မယ် ..... (လာရမှာပါဘုရား) မလာပေဘူးလား ..... (လာပါတယ်ဘုရား) အင်း ..... သူ့ကြောက်လုံး ဘာကြောင့် လာပါလိမ့်မတုံးဆိုတာ မေးခွန်းသာ ထုတ်ကြပါတော့ ..... ။

သားသမီးနဲ့ ပစ္စည်းပေါ်မှာ မစွန့်နိုင်တဲ့၊ ဝေဒနာကလဲ ပြင်းထန်လာတယ်၊ သားသမီးနဲ့ပစ္စည်းလဲမစွန့်နိုင်ဖြစ်လာတယ် အဲဒီတော့သေရမှာ ကြောက်လာတယ်..... (ကြောက်ပါတယ်)။

ကြောက်တော့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿတွေက လာရော၊ လာတဲ့အခါကျလို့ရှိရင် ကာယကံ ဝစီကံများတွေနဲ့ မနေရပေဘူးလား.....(နေရပါတယ်)နေတော့ကမ္မဘဝ ပစ္စယာ ပြိတ္တာ ဇာတိ ..... မလာပေဘူးလား ..... (လာပါတယ်ဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား) အင်း ..... ကြောက်သေတယ်ဆိုးပါလား.....(ဆိုးပါတယ်ဘုရား) ရှင်းပလား ..... (ရှင်းပါတယ်ဘုရား)။

ကြောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဒကာဒကာမတို့ သားသမီးနဲ့ ပစ္စည်းအာရုံတွေနဲ့ ခွဲရတော့မယ်၊ ဝေဒနာကပြင်းထန်လာတယ် ဆိုတော့ ကြောက်ရှာတာပဲ ..... (ကြောက်ပါတယ်ဘုရား)။

ကြောက်တဲ့အခါကျလို့ ရှိရင်ဖြင့် သောက ပရိဒေဝ ဒုက္ခ

www.dhammadownload.com



ဒေါမနဿ မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ ကာယကံ ဝစီကံတွေက ကောင်းသေးရဲ့လား ..... (မကောင်းပါဘူးဘုရား) မကောင်းတဲ့အခါကျတော့ ဒီကံနဲ့ သေသွားတဲ့ ကမ္မဘဝ ပစ္စယာ ပြိတ္တာ ဇာတိဖြစ်သွားတယ် ..... (မှန်လှပါဘုရား)။

အဲဒီတော့ အကျဉ်းချုပ်မှတ်စရာကတော့ သားသမီးနဲ့ ပစ္စည်းအာရုံတွေကို ခင်ပြီးသကာလ နေတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာဉာဏ်ကမရောက်၊ သစ္စာဉာဏ်တွေက မရောက်တော့ ဒီဥစ္စာခိုင်တယ် မြဲတယ် ထင်ပြီးသကာလ နေတဲ့ ဒိဋ္ဌိတွေက ဝင်ပြီးသကာလ နဂိုကထားပြန်တော့ ဒီ ဒိဋ္ဌိက မခွာခဲ့၊ ထိုကဲ့သို့ မခွာခဲ့တဲ့အတွက် ဒီဒကာဒကာမ သေတဲ့အခါကျလို့ရှိရင် 'ကြောက်စိတ်' လာပါတယ်၊ ကြောက်စိတ်လာတော့ ဝေဒနာပြင်းထန်လို့ ကြောက်စိတ်လာတော့၊ ကြောက်စိတ်ဆိုတာ ဘာတုံးဆိုတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿပါပဲ ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတည်းဟူသော တရားတွေနဲ့၊ သူ့ကာယကံ ဝစီကံတွေနဲ့ မှာတန်တာမှာ၊ ပြောတန်တာပြော၊ ဆိုတန်တာဆိုတွေဟာ အကောင်းဟုတ်သေးရဲ့လား ..... (အကောင်းမဟုတ်ပါဘူးဘုရား) ခင်ပြော မင်ပြောတွေ ဖြစ်မနေဘူးလား ..... (ဖြစ်နေပါတယ်ဘုရား) ။

www.dhammadownload.com



အဲဒီတွင် ကာယကံ, ဝစီကံတွေက အကုသိုလ်ကံတွေ ဖြစ်နေတော့ ကမ္မဘဝပစ္စယာ ဒီအိမ်မှာပဲ ပြိတ္တာဇာတိ လာဖြစ်တယ် ..... (ဖြစ်ပါတယ်ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲ ..... (ကောင်းပါတယ်ဘုရား)။

အင်း..... ဒီဥစ္စာ အကျဉ်းချုပ်မှတ်လိုက်တော့ သားသမီးနဲ့ ပစ္စည်းခင်တွယ်တဲ့ သဘောကြောင့် ကြောက်ပြီးသကာလ သေတာတဲ့၊ ဒီလို ခင်တွယ်မှု ရှိရင် ကြောက်တယ်ဆိုတာ မှတ်လိုက်ပါ၊ ဒါ, တစ်နံပါတ်ပုဂ္ဂိုလ် ..... (မှန်လှပါဘုရား)။

၂။ ။နှစ်နံပါတ်ပုဂ္ဂိုလ်ငါဘုရားဟောဦးမယ်ပုဏ္ဏားတဲ့၊ မှတ်ထားတဲ့ ။

မိမိကိုယ်ကို ခင်တွယ်ပြီးသကာလ နေတဲ့ပုဂ္ဂိုလ်များလဲ သေခါနီးကျတော့ကိုဒီကိုယ်ကြီးနဲ့ခွဲရတော့မယ်၊ ဒီခန္ဓာကြီးနဲ့ဖြင့် အိုးစားကွဲရတော့မယ် ဆိုလို့ရှိရင် ကြောက်လာတာပဲ ..... (မှန်လှပါ)။

အနတ္တကို အတ္တထင်တာကိုးဗျ ..... (မှန်လှပါ) အဲဒီလို ကြောက်လာတဲ့ ပုဂ္ဂိုလ်လဲတဲ့ မိမိကိုယ်ကို မိမိ ခင်တွယ်ပြီး သကာလ နေတဲ့ပုဂ္ဂိုလ်လဲ ဝေဒနာတွေက ပြင်းထန်ပြီး သေပေါက်, သေဝသို့ ရောက်တဲ့အခါ ကြောက်ပါတယ်ကွ ..... တဲ့ ။

ဒါဖြင့် မိမိကိုယ်ခင်တဲ့ ပုဂ္ဂိုလ်လဲ ကြောက်သေပဲ .....

www.dhammadownload.com



(မှန်လှပါဘုရား) ဘယ်နှယောက်ရှိသွားပြီလဲ ..... (နှစ်ယောက် ရှိပါပြီဘုရား)။

သားသမီးနဲ့ ပစ္စည်းခင်တွယ်တဲ့ ပုဂ္ဂိုလ်ရော ..... (ကြောက်သေပါဘုရား) ကြောက်သေ တစ်ယောက်ပဲ ..... (မှန်လှပါ)။

အင်း ..... မိမိခန္ဓာ ခင်တွယ်ပြီး သေတဲ့ပုဂ္ဂိုလ်ရော – (ကြောက်သေတစ်ယောက်ပါဘုရား) နှစ်ယောက်ရှိသွားပြီ ..... (မှန်လှပါ)။

၃။ ။ တတိယပုဂ္ဂိုလ်၌ ကိုင်း ..... တတိယ ပုဂ္ဂိုလ် ကတော့ ဒကာဒကာမတွေ မှတ်စရာက ကိုယ်က လောဘနဲ့၊ ဒေါသနဲ့၊ မောဟနဲ့၊ ရောင်းလိုက်၊ ဝယ်လိုက် အကုသိုလ် အလုပ်တွေက များပြီးသကာလ နေတဲ့ပုဂ္ဂိုလ်များလဲ အခုလို ဝိပဿနာအလုပ်တွေ ခန္ဓာကို ဉာဏ်ရောက်ပြီးသကာလ အဖြစ်အပျက် အနိစ္စလက္ခဏာ၊ အနတ္တလက္ခဏာတွေကို မရှုမပွားဘဲနေတော့ ကုသိုလ်ကောင်းမှုတွေကအကုန် ဆိတ်သုဉ်း နေတော့တယ် ..... (မှန်လှပါဘုရား)။

ထိုကဲ့သို့ ဆိတ်သုဉ်းနေတော့လဲ သေခါနီး ကျလာတော့ ရောဂါဝေဒနာက ပြင်းပြတဲ့အခါ သြော် ..... ငါ့နှယ် လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်တွေ မလုပ်ခဲ့ပါလား၊ အလကား အလုပ်တွေနဲ့၊ အကုသိုလ်အလုပ်တွေနဲ့ သားရေး၊ သမီးရေး၊

www.dhammadownload.com



စီးပွားရေးနဲ့ အချိန်ကုန်ခဲ့ပါလား၊ ပြုသင့် ပြုထိုက်တဲ့ ကုသိုလ် ဝိပဿနာအလုပ်တွေတော့ ငါလွှတ်သွားပြီးသကာလ၊ ဒါတွေ ဖြည်းဖြည်းမှ ထားပြီးသကာလ အရေးမကြီးတာ အရေးကြီးပြီး သကာလ ငါမှာ နေခဲ့ခြင်းကြောင့်၊ ငါတော့ဖြင့် ကိုယ်ကျိုး နည်းတာပဲ ဆိုပြီး ကိုယ်ပြုထားတဲ့ အကုသိုလ်တွေက ရှိလို့လဲ ကြောက်ပြီး သေတာကွ ..... (မှန်လှပါဘုရား)။

ဘယ်နှယောက် ရှိသွားပြီလဲ ..... (သုံးယောက် ရှိသွား ပါပြီဘုရား) အဲ ..... ကိုယ်ပြုထားတဲ့ အကုသိုလ်တွေကို ကိုယ်ဟာကိုယ် အောက်မေ့ပြီးသကာလ အလကားနေတာတွေ၊ သားရေး သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်တာတွေ၊ မင်းရေး စိုးရေးနဲ့ အချိန်ကုန်တာတွေ၊ အသက်တမ်း အလကား ဖြုန်းခဲ့ တာတွေပေါ့ဗျာ၊ အဲဒါတွေကို တွေးလာပြန်လို့ ရှိရင်လဲတဲ့ ဒီပုဂ္ဂိုလ်ဟာ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ကြောက်ပြီး သေတယ်ကွ .....(မှန်လှပါဘုရား) ရှင်းပြီလား..... (ရှင်းပါတယ်ဘုရား) ဘယ် နှယောက်ရှိပြီလဲ ..... (သုံးယောက်ရှိပါပြီဘုရား)။

၄။ ။ တစ်ယောက် ထည့်လိုက်ပါဦး ဒကာဒကာမတို့ လေးယောက်မြောက်ပေါ့၊ ဘုရားက တစ်ယောက်ကျန်သေးတယ် ကွတဲ့၊ တစ်ယောက်ကတော့ ဘာတုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတွေ ဘုန်းကြီးသင်ပါတယ်တဲ့၊ အဲဒီဘက် အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့် ဘာဖြစ်တုံး ..... (သင်္ခါရဖြစ်ပါတယ်) သင်္ခါရ

www.dhammadownload.com



ကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် ..... (နာမ်–ရုပ်) နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် ဘာဖြစ်လဲ ..... (သဠာယတန) သဠာယတနကြောင့်.....(ဖဿ) ဖဿကြောင့်.....(ဝေဒနာ) အင်း ..... ဝေဒနာကြောင့် ..... (တဏှာဖြစ်ပါတယ်) တဏှာကြောင့် .....(ဥပါဒါန်) ဥပါဒါန်ကြောင့်.....(ကမ္မဘဝ) ကမ္မဘဝ ဖြစ်တယ်၊ ကမ္မဘဝကြောင့် ..... (ဇာတိပါဘုရား) ဇာတိကြောင့် ..... (ဇရာ၊ မရဏဖြစ်ပါတယ်)။

ဇရာ၊ မရဏ ဖြစ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို အစ, ကိုလဲ သူနားမလည်တဲ့ ပုဂ္ဂိုလ် ..... (မှန်လှပါဘုရား)။

အစ, နားမလည်တာက အဝိဇ္ဇာ၊ မသိရှာဘူး.....(မှန်လှပါဘုရား)။

အဆုံး မသိတာက၊ ဇရာမရဏ မသိတာ ..... (မှန်လှပါ)။

အလယ်လဲမသိဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ် အစ, လဲမသိဘူးနော် .....(မှန်လှပါ) အဆုံးရော ..... (မသိပါဘုရား)။

အစ,နဲ့ အဆုံး နှစ်ခုစလုံးရော ..... (မသိပါဘုရား) မသိပါဘူးတဲ့ အဲဒီကဲ့သို့ ပဋိစ္စသမုပ္ပါဒ် မသိဘဲနေတော့ ..... ဩော် ..... ဒီဥစ္စာ ဘယ်ကလာလို့ ဘယ်လိုသွားရမှာပါလိမ့် သူ့စိတ်ထဲပေါ့ဗျာ ..... (မှန်လှပါဘုရား)။

သေခါနီး ဝေဒနာတွေက ပြင်းထန်လာတော့ ဘယ်လိုဖြစ်ပြီး ဘယ်လိုများ ဘာဖြစ်မှာပါလိမ့်မတုံးဆိုတဲ့

www.dhammadownload.com



ဝိစိကိစ္ဆာတွေက မလာပေဘူးလား ..... (လာပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပေါ့ ..... (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်ကလာလို့ အခုဖြင့် ဒီနေရာ စုတေမနေ သေလွန်လို့ရှိရင်ဖြင့် ဘယ်သွားရမှန်း မသိဘူး ..... (မသိပါဘုရား)။

မသိတော့ သူ့စိတ်ထဲ မသိတာသည် ဝိစိကိစ္ဆာ ..... (မှန်လှပါဘုရား) ဝိစိကိစ္ဆာ တိုတိုပြောတော့ အဝိဇ္ဇာပါပဲ ..... (မှန်လှပါ) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

အဲဒီအဝိဇ္ဇာနဲ့ အင်း ..... ပဋိစ္စသမုပ္ပါဒ် အစ, လဲမသိ၊ အဆုံးလဲမသိ၊ အစ, အဆုံးလဲမသိပေါ့ဗျာ၊ အဲဒီကဲ့သို့ ဘုရား တရား သံဃာဆိုတဲ့ ဥစ္စာကိုလဲ ယုံကြည်မှုမရှိ၊ ဘုရား တရား သံဃာပေါ့ဗျာ ..... (မှန်လှပါဘုရား)။

အဲဒါလဲ ယုံကြည်မှုမရှိ၊ ပဋိစ္စသမုပ္ပါဒ် အစ, လဲမသိ၊ အဆုံးလဲ မသိ၊ အစ, အဆုံးလဲ မသိပေါ့ဗျာ။

အဲဒီကဲ့သို့နေတဲ့ပုဂ္ဂိုလ်များဟာလဲဦးလှဘူးတို့၊ ဒကာကြွယ်တို့ သေခါနီးမှ သူ့ ဝိစိကိစ္ဆာ လာတာပဲ ..... (မှန်လှပါဘုရား)။

အင်း ..... သေတော့ သေရမှာပဲ၊ ဘယ်များရောက်မတုံး ဆိုတာ မသိတော့ ကြောက်ရှာတယ် ..... (မှန်လှပါဘုရား) သေတော့သေရမှာ၊ ဘယ်ရောက်လိမ့်မယ်ဆိုတာ မသိတော့ ဘယ့်နှယ်နေလိမ့်မတုံး ..... (ကြောက်ပါတယ်ဘုရား)။

www.dhammadownload.com



အဲဒီလို ပုဂ္ဂိုလ်လဲတဲ့ ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ ပုဂ္ဂိုလ်များလဲ ကြောက်သေ သေသဟေ့ ..... (မှန်လှပါဘုရား)။

အခုတော့ ဒီဒကာဒကာမတွေမှာ ပဋိစ္စသမုပ္ပါဒ်က နားလည်နေတော့နေရာကျလိုက်တာ ..... (မှန်ပါ) ပဋိစ္စသမုပ္ပါဒ် နားလည်ပြီးသကာလ နေတော့ အင်း ..... အဝိဇ္ဇာရှိရင် သင်္ခါရဖြစ်မှာပဲ ..... (မှန်လှပါ) သင်္ခါရဖြစ်လို့ ရှိရင် ..... (ဝိညာဏ် ဖြစ်ပါတယ်) ဝိညာဏ်ဖြစ်လို့ ရှိရင် ..... (နာမ်ရုပ် ဖြစ်ပါတယ် ဘုရား) နာမ်ရုပ်ဖြစ်လို့ ရှိရင် ..... (သဠာယတန ဖြစ်ပါတယ်)။

ကဲ ..... ဒါ ထားလိုက်ပါတော့၊ အဆုံး အဆုံးကျအောင် သွားလိုက်တော့ အဝိဇ္ဇာချုပ်တော့ရော ..... (သင်္ခါရချုပ်ပါတယ် ဘုရား) သင်္ခါရချုပ်တော့ (ဝိညာဏ်ချုပ်ပါတယ်ဘုရား) ဝိညာဏ်ချုပ်တော့ ..... (နာမ်ရုပ်ချုပ်ပါတယ်ဘုရား)။

အင်း ..... ဒီလိုအချုပ်တွေ သိသွားပြန်တော့လဲ အင်း ..... ဒီဥစ္စာ ပဋိစ္စသမုပ္ပါဒ်ကြီး ဒီပဋိစ္စသမုပ္ပါဒ် ဆိုတာမျိုးသည်ကား ဆိုလို့ရှိရင်ဖြင့် ဝိပဿနာ မရှုတတ်ရင် ဦးလှဘူးတို့၊ ဒကာကြွယ် တို့ ဘယ်တော့ပြတ်မလဲ ..... (ဘယ်တော့မှ မပြတ်ပါဘုရား)။

ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကျပြန်တော့ ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား ပြတ်လား ..... (ပြတ်ပါတယ်ဘုရား) အင်း ..... ဘယ့်နှယ်ကြောင့် အပြတ်သိပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့်

www.dhammadownload.com



ဖဿနိရောဓာ ဝေဒနာနိရောဓော ..... (မှန်လှပါဘုရား) အင်း ..... ဖဿချုပ်ရင် (ဝေဒနာချုပ်ပါတယ်ဘုရား) အင်း ..... ဖဿချုပ်ရင် ဝေဒနာချုပ်တာပဲလို့ ဉာဏ်ကမသိဘူးလား .....(သိပါတယ်ဘုရား)။

ထိုကဲ့သို့ သိတဲ့ပုဂ္ဂိုလ်ကျတော့ ပဋိစ္စသမုပ္ပါဒ် ပိုင်ပိုင်နိုင်နိုင် ကိုယ့်ဟာကိုယ် သိပြီးသကာလ ဝေဒနာဖြစ်နေတယ် ဝေဒနာ ပြင်းထန်လာတယ်၊ အင်း..... ဒါ, ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာပဲ (မှန်လှပါဘုရား) မသိဘူးလားဗျာ ..... (သိပါတယ်) ဆိုတော့ ဝိစိကိစ္ဆာ သေမနေဘူးလား ..... (သေပါတယ်ဘုရား)။

ဒီဝေဒနာက ဘယ်ကများ လာပါလိမ့်မတုံးလို့ သံသယ ရှိသေးသလား ..... (မရှိပါဘုရား) အင်း ..... ဝိစိကိစ္ဆာက သေသွားတယ် ..... (မှန်လှပါ)။

အင်း..... ဒီဝေဒနာဘယ်ကလာပါလိမ့်မတုန်း ဆိုတဲ့ဥစ္စာ သူ့စိတ်ထဲပေါ်လာသေးရဲ့လား.....(မပေါ်ပါဘုရား)မပေါ်ဘူး၊ ဒီဒကာဒကာမတွေကျတော့ဖဿပစ္စယာ.....(ဝေဒနာ)ဩော် ..... ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာ ..... (မှန်လှပါ)။

အင်း..... ဖဿချုပ်ရင်.....(ဝေဒနာချုပ်ပါတယ်ဘုရား) အဲဒီတော့ ကျုပ်တို့က ဒီဝေဒနာလေးတွေကိုပဲ အဖြစ်အပျက်တွေ ရှုနေတာပေါ့ ..... (မှန်လှပါ) ရှုပြီးသကာလနေတော့၊ ဝေဒနာလေး ဖြစ်ပျက်ရှုပြီးသကာလနေတော့ ဝေဒနာက

www.dhammadownload.com



ဖြစ်ပျက်ရှုတာက မဂ်ဖြစ်သွားတယ် ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား) ဝေဒနာက ဘာတုံး ..... (ဖြစ်ပျက်ပါဘုရား) အင်း ..... ရှုတာကဘာတုံး ..... (မဂ်ပါဘုရား)။

အဲ ..... ကျုပ်တို့အတွက်ကတော့ကိုး ..... တဲ့၊ ဒကာဒကာမတို့ မဂ်ဆိုက်ပြီးသေတဲ့အတွက် ဘယ်မှာတုန်း နောက်က တဏှာ, ဥပါဒါန်, ကံတွေ ဇာတိ, ဇရာ, မရဏ လာသေးရဲ့လား ..... (မလာပါဘုရား) အင်း ..... ကျုပ်တို့က ဝိစိကိစ္ဆာကင်း သေတာကိုးဗျ ..... (မှန်လှပါ) ဖဿဖြစ်ရင် ဝေဒနာဖြစ်တာပဲ ..... (မှန်လှပါ) ဖဿချုပ်ရင် ..... (ဝေဒနာ ချုပ်ပါတယ်ဘုရား)။

ဝေဒနာချုပ်တယ်လို့ကျုပ်တို့က ဝေဒနာဖြစ်ပျက်ရှုနေတဲ့ အခါကျလို့ရှိရင်ဖြင့် ဝေဒနာကလဲ ဖြစ်ပျက်ပဲ၊ ရှုတာကလဲ မဂ်ပဲ ဆိုတာ ကျုပ်တို့ဉာဏ်ထဲမှာ ပဋိစ္စသမုပ္ပါဒ်က ပြတ်မနေဘူးလား ..... (ပြတ်ပါတယ်ဘုရား)။

ဉာဏ်ထဲမှာ ပြတ်နေတော့၊ ဉာဏ်ထဲမပြတ်တဲ့ ပုဂ္ဂိုလ်သာ ဆက်တာကိုးဗျ ..... (မှန်လှပါဘုရား) ဉာဏ်ထဲက ပြတ်တဲ့ ပုဂ္ဂိုလ်ကျတော့၊ (ပြတ်ပါတယ်ဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

အင်း..... ဉာဏ်ကမဆက်တတ်တဲ့ပုဂ္ဂိုလ်၊ ဉာဏ်ကမဖြတ်

www.dhammadownload.com



တတ်တဲ့ပုဂ္ဂိုလ်တော့ ဆက်သွားတာပဲ ..... (မှန်လှပါ) ဉာဏ်က ဖြတ်တတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ..... (ဖြတ်ပါတယ်ဘုရား)။

အေး ..... ခုနက ပုဂ္ဂိုလ်က၊ ကြောက်တဲ့ပုဂ္ဂိုလ်က ပဋိစ္စသမုပ္ပါဒ် အစ, လဲမသိဘူး ..... (မသိပါဘုရား) အဆုံးလဲ ..... (မသိပါဘုရား) အစ, အလယ်နဲ့ အစ, အဆုံး နှစ်ခုစလုံးရော ..... (မသိပါဘုရား)။

အဲဒီတော့ ဝိစိကိစ္ဆာကြီးနဲ့ သေသွားတယ် ..... (မှန်ပါ) ငါသေ့ရင် ဘယ်များရောက်ပါလိမ့်မတုံး ဆိုတော့ ကြောက်နေတယ် ..... (ကြောက်ပါတယ်) မကြောက်ပေဘူးလား ..... (ကြောက်ပါတယ်ဘုရား)။

ဒီဒကာဒကာမတွေကတော့ နဂိုက အင်း ..... ဒီကဲ့သို့ ဝေဒနာကလဲ ငါမဟုတ်ပါဘူး ..... (မဟုတ်ပါဘုရား) အနိစ္စ ဖြစ်ပျက်ပဲ ..... (မှန်လှပါ) ဖြစ်ပျက်ကို ဉာဏ်ကရှုပြီးသကာလ နေလိုက်တော့ ရှုရင်းမတ္တနဲ့ပဲ သေခါနီးမှာ တစ်ခါတည်း နောက်က တဏှာလာသေးသလား ..... (မလာပါဘုရား)။

နောက်က တဏှာမလာဘဲနဲ့ ဥပါဒါန်ကရော ..... (မလာပါဘုရား) ကံ; ကရော ..... (မလာပါဘုရား)။

အဲ ..... နို့ သူတို့ မလာဘဲနဲ့ ဦးလှဘူးတို့ ဒကာကြွယ်တို့,

www.dhammadownload.com



ဒကာသိုက်တို့ ဘယ်ဓာတ် လာစရာ ..... (မရှိပါဘုရား) အင်း ..... ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်က အကြောင်းချုပ်လို့ အကျိုးချုပ်တာ နားမလည်တဲ့ပုဂ္ဂိုလ်များအတွက်တော့ ကြောက်တယ်တဲ့ဗျ ..... (မှန်လှပါဘုရား)။

ကျုပ်တို့တော့ ပဋိစ္စသမုပ္ပါဒ် ဩော် ..... ဒါ, ဖျားနေတာလား ဒီဥစ္စာသည်ကားဆို ဝေဒနာဖြစ်ပျက်ပေါ်နေတာလား ဆိုတာ အကဲခတ်လိုက် ..... (ဝေဒနာဖြစ်ပျက် ပေါ်နေတာပါဘုရား)။

ဝေဒနာဖြစ်ပျက် ပေါ်နေတာပဲလို့ အကဲခတ်လိုက်တော့ ဩော် ..... ဖြစ်ပျက်နဲ့ အကဲခတ်တာက မဂ်ဖြစ်သွားတာပဲ ..... (မှန်လှပါဘုရား) ဝေဒနာက ဖြစ်ပျက်၊ အင်း ..... ဒါလေး အကဲခတ်နေတာက ..... (မဂ်ပါဘုရား)။

မဂ်ဖြစ်သွားတဲ့အခါ၊ နောက်က ပဋိစ္စသမုပ္ပါဒ်ကြီးက ဆက်သေးရဲ့လား ..... (မဆက်မိပါဘူးဘုရား)။

အင်း..... ဒီပုဂ္ဂိုလ်ကျတော့ ဒကာဒကာမတို့ဖြစ်ပျက်ရှုတဲ့ ဉာဏ်နဲ့ နေတဲ့ပုဂ္ဂိုလ်ကျတော့ ဘယ်မှာ ဝိစိကိစ္ဆာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အင်း..... ဖဿချုပ်လို့ဝေဒနာချုပ်တာပဲ၊..... (မှန်လှပါ

www.dhammadownload.com



ဘုရား) ဖသဿဖြစ်လို့၊ ..... (ဝေဒနာဖြစ်ပါတယ်ဘုရား)။

အင်း..... ဒါဖြင့် ဖြစ်ပျက်ရှိတာပဲ၊ (မှန်လှပါဘုရား) ဒီလို သိပြီး ဒီလိုရှုနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကျတော့ သေခါနီးမှာလဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားတယ်၊ ဘယ်ကြောက်တော့မတုံး၊ (မကြောက်ပါဘူး ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်(ဝါ) မဖြတ်တဲ့ ပုဂ္ဂိုလ်သာလျှင် ဦးလှဘူးတို့၊ ဒကာကြွယ်တို့၊ ဒကာသိုက်တို့ ကြောက်တာတဲ့၊ (မှန်လှပါ)။

ဒါဖြင့်ပဋိစ္စသမုပ္ပါဒ်တို့ဖြစ်ပျက်တို့နားလည်တဲ့ပုဂ္ဂိုလ်ဟာ ကြောက်ကို မကြောက်ဘူးကွတဲ့ ..... (မှန်လှပါ) သဘောကျ ပလား ..... (ကျပါတယ်ဘုရား)။

ဒါဖြင့် ကြောက်တဲ့ပုဂ္ဂိုလ်လေးယောက်က ဒကာဒကာမ တွေ ..... ။

တစ်နံပါတ်ပုဂ္ဂိုလ်ဟာ ငါးပါးအာရုံ ကာမဂုဏ်မစွန့်နိုင်တဲ့ ပုဂ္ဂိုလ်ကြောက်တယ် ..... (မှန်လှပါဘုရား)။

နှစ်နံပါတ်ပုဂ္ဂိုလ်က မိမိခန္ဓာကိုယ်ကို ခင်တွယ်တဲ့ ပုဂ္ဂိုလ်ကလဲ ..... (ကြောက်ပါတယ်ဘုရား) ကြောက်တယ်နော်

www.dhammadownload.com



..... (ကြောက်ပါတယ်ဘုရား)။

သုံးနံပါတ်ပုဂ္ဂိုလ်လဲ၊ အကုသိုလ်တွေများနေတဲ့ပုဂ္ဂိုလ်ကလဲ ..... (ကြောက်ပါတယ်ဘုရား) ကြောက်တယ်နော် ..... (ကြောက်ပါတယ်ဘုရား)။

လေးနံပါတ်ပုဂ္ဂိုလ်ကလဲ ပဋိစ္စသမုပ္ပါဒ်ကြီးကို အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်တယ် ဆိုတာကို မသိတဲ့ပုဂ္ဂိုလ်ကလဲ ..... (ကြောက်ပါတယ်ဘုရား) ဝိစိကိစ္ဆာရှိနေတယ်၊ မသိတော့ ဝိစိကိစ္ဆာရှိနေတော့ ကြောက်တာပေါ့ဗျာ ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါဖြင့် မကြောက်တဲ့ပုဂ္ဂိုလ် ဘယ်နှယောက်ပါလိမ့် ..... (လေးယောက်ပါဘုရား)။

အေး ..... ဒကာဒကာမတို့ ဒီဥစ္စာ တော်တော်အရေးကြီးပါတယ်၊ ဒကာဒကာမတို့ ဒီလမ်းနဲ့ ဒီစခန်းက ဘယ်သူဖြစ်ဖြစ် လှမ်းရမယ့်ခြေလှမ်းချည်းပဲဆိုတာက ဘာမှငြင်းနေစရာလိုသေးရဲ့လား ..... (မလိုပါဘူးဘုရား)။

ကိုင်း ..... ဒါဖြင့် ဒကာဒကာမတို့ ကြောက်တဲ့ပုဂ္ဂိုလ် ဘယ်နှယောက်တုန်း ..... (လေးယောက်ပါဘုရား)။

www.dhammadownload.com



မကြောက်တဲ့ပုဂ္ဂိုလ်ကလဲ လေးယောက်ပဲလို့ မှတ်လိုက်ပါ .....(မှန်လှပါ)မကြောက်တဲ့ပုဂ္ဂိုလ်လေးယောက် ဘုန်းကြီးရှင်းပြပါဦးမယ် ဦးလှဘူးရ ..... (မှန်လှပါဘုရား)။

မကြောက်တဲ့ပုဂ္ဂိုလ်လေးယောက်က ခုနက လေးယောက် ပြောင်းပြန် လှည့်လိုက်ရုံပဲ ..... (မှန်လှပါဘုရား)။

အင်း..... သားသမီးနဲ့ ပစ္စည်းတွေကလဲ သေခါနီးကျတော့၊ ဩော် ..... ဒါတွေဟာ အနတ္တတွေမပိုင်ဘူး၊ အနိစ္စတွေပဲ အနတ္တတွေပဲလို့ နဂိုကသိပြီး လုပ်ထားတဲ့ ပုဂ္ဂိုလ်ကိုးဗျ ..... (မှန်လှပါဘုရား)။

အဲဒီလို လုပ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ အနတ္တမို့ အနတ္တ ပေါ်လာတာပါပဲ ..... (မှန်လှပါဘုရား) ခန္ဓာကိုယ်ကြီးက ဝေဒနာတွေက ပြင်းထန်လာတယ်၊ ကိုယ်ကခေါ်လို့လဲ လာတာ မဟုတ်ဘူး ..... (မဟုတ်ပါဘူးဘုရား) ကိုယ်ကနှင်လို့လဲ ..... (မသွားပါဘူးဘုရား)မသွားတော့ ဩော် ..... အနတ္တမို့အနတ္တပြတာပဲ ..... လို့ဆိုတဲ့ပုဂ္ဂိုလ်မျိုးကျတော့လဲမကြောက်ဘူးတဲ့..... (မကြောက်ပါဘုရား)။

သားသမီးနဲ့ ပစ္စည်း အနတ္တတင်နိုင်လို့ရှိရင် ..... (မကြောက်ပါဘူးဘုရား) သဘောကျပလား ..... (ကျပါဘယ်

www.dhammadownload.com



ဘုရား) အနိစ္စ, ဒုက္ခ, အနတ္တတင်နိုင်ရင်လေ ..... (မကြောက်ပါဘူးဘုရား)။

တစ်ခါ ဒုတိယပုဂ္ဂိုလ်ကလဲ မိမိခန္ဓာကိုယ်ကို အနိစ္စ, ဒုက္ခ, အနတ္တ တင်နိုင်ပြန်ရင်ရော ..... (မကြောက်ပါဘူးဘုရား) ဩော်–နှစ်ယောက်ပြီးသွားပြီ ..... (မှန်လှပါ)။

သုံးနံပါတ်ပုဂ္ဂိုလ်ကလဲ မိမိပြုထားတဲ့ ဝိပဿနာဉာဏ်တွေက နေ့တိုင်းညတိုင်း လုပ်ပြီးသကာလ နေတဲ့ပုဂ္ဂိုလ်တွေကျတော့ကို၊ ..... ဘာ ..... တို့၊ သေသေချာချာ ဒီဘဝ စုတေမနေ သေလွန်လို့ရှိရင် နိဗ္ဗာန်နဲ့ သုဂတိနှစ်ခုသာ ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကရော..... (မကြောက်ပါဘူးဘုရား)။

ခုနက ပဋိစ္စသမုပ္ပါဒ်ကြီး ဖြစ်ပျက်ရှုသေတဲ့ ပုဂ္ဂိုလ်ကရော –(မကြောက်ပါဘူးဘုရား) ဩော် ..... မကြောက်တဲ့ပုဂ္ဂိုလ်ကလဲ လေးယောက်တဲ့ (လေးယောက်ပါဘုရား) သဘောကျပလား (ကျပါတယ်ဘုရား) ရှင်းပလား ..... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဩော် ..... တို့သည်ကားလို့ ဆိုလို့ရှိရင် မကြောက်တဲ့ လေးယောက်ထဲ တို့ အပါအဝင်ဖြစ်အောင်ဖြင့် တို့ အခုကတည်းက အပိုင်လုပ်ထားမှပဲ ..... (မှန်လှပါဘုရား) သားသမီးနဲ့ ပစ္စည်းလဲ အနိစ္စနဲ့ ဒုက္ခ, အနတ္တ

www.dhammadownload.com



လုပ်ထားနော် ..... (မှန်လှပါဘုရား) တစ်နံပါတ် ..... (မှန်လှပါ)။

နှစ်နံပါတ်က မိမိခန္ဓာရော ..... (အနိစ္စ, ဒုက္ခ, အနတ္တ လုပ်ထားရမှာပါဘုရား)။

သုံးနံပါတ်ကလဲ ဝိပဿနာတွေ၊ အခုက ဘာလုပ်ထားရမှာလဲ ..... (ဝိပဿနာတွေ လုပ်ထားရမှာပါဘုရား) လုပ်ထားရမယ် ..... (မှန်လှပါ) အင်း ..... ဒါဖြင့် သုံးနံပါတ်ပုဂ္ဂိုလ်ကလဲ ကျုပ်တို့ ဖြစ်ကရောပေါ့၊ (ဖြစ်ပါတယ်ဘုရား)။

လေးနံပါတ်ပုဂ္ဂိုလ်က သေခါနီး ဝေဒနာလာရင် ဘာလုပ်ကြမလဲ ..... (ဖြစ်ပျက်ရှုရမှာပါဘုရား) ဝေဒနာ ဖြစ်ပျက်ရှုပြီးသေလိုက်တော့ မဂ်ဆိုက်သွားတယ် ..... (မှန်လှပါဘုရား) မဆိုက်ပေဘူးလား ..... (ဆိုက်ပါတယ်ဘုရား)။

အဲဒါတွေထောက်လိုက်ပြန်တော့လဲ ဒီပုဂ္ဂိုလ်လေးယောက်ကျတော့ ပုထုဇဉ်ကြောက်တဲ့၊ မကြောက်ဘူးကွတဲ့ ..... (မှန်လှပါ)။

ကိုင်း ..... ကြောက်တဲ့ပုဂ္ဂိုလ်က ..... (လေးမျိုးပါဘုရား) မကြောက်တဲ့ပုဂ္ဂိုလ်က ..... (လေးမျိုးပါဘုရား)။

အဲဒီမှာ ဒကာဒကာမတို့ မကြောက်တဲ့ပုဂ္ဂိုလ်က လေးယောက်ပါတဲ့ ငါ, ရှင်းပြီးသကာလ ပိုမိုပြီးသကာလ မင်း, ရှင်းသထက်ရှင်းအောင် ပြောပါဦးမယ်တဲ့ ..... (မှန်လှပါဘုရား)။

www.dhammadownload.com



ဒီ ခုနက သားသမီးနဲ့ ပစ္စည်းလဲ ဝိပဿနာတင်ထားတဲ့ ပုဂ္ဂိုလ် ..... (မှန်လှပါ) ခန္ဓာရော ..... (ဝိပဿနာတင်ထားတဲ့ ပုဂ္ဂိုလ်ပါ)။

(၂) နံပါတ်က ခန္ဓာလဲ တင်ထားတယ် ..... (မှန်လှပါ)။

(၃) နံပါတ်က အမြဲမပြတ် ဝိပဿနာအလုပ်ချည်းပဲ နှလုံးသွင်းနေတယ်၊ (မှန်လှပါဘုရား)။

(၄) နံပါတ်က သေခါနီးလဲ ဝေဒနာရှုသေတယ် ..... (မှန်လှပါ) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

အဲဒီ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင် သူသေရတော့မယ် ဆိုတော့ မကြောက်ဘူးတဲ့ ..... (မှန်လှပါဘုရား) မကြောက်တာ က ဘယ်လိုကြောင့် မကြောက်ပါလိမ့်မတုံးဆိုတော့ ဩော် ..... လားရာဂတိကလဲ တကယ်လို့ မဂ်မဆိုက်ဘဲနဲ့ သေလဲ နတ်ပြည်ရောက်၊ ရောက်သည်နဲ့ တပြိုင်နက်တည်း သူ့ သောတာပန်ဖြစ်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်မယ်ဆိုတာ ဘုရားက ဟောထားတယ်၊ (မှန်လှပါဘုရား)။

အိပ်သောသူကျွား နိုးသောလားကဲ့သို့ တစ်ခါတည်း နတ်ပြည်ရောက်တော့ နတ်ပြည်ရောက်တာတောင် မသိသေးခင် က သောတာပန်၊ သကဒါဂါမ် အနာဂါမ်ဖြစ်နိုင်တယ် ..... (မှန်လှပါဘုရား)။

www.dhammadownload.com



အဲဒီတော့ သူ့ နတ်ပြည်ရောက်မယ်ဆိုတာက မသေချာဘူးလား ..... (သေချာပါတယ်ဘုရား) သေချာတဲ့အပြင် ဟိုကျတော့ အာသဝေါကုန်မယ်ဆိုတာကရော–(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒကာကြွယ်ကစဉ်းစား၊ အလုပ်လုပ်ထားတဲ့ ပုဂ္ဂိုလ်က သူ့ ကြောက်ပါဦးမလား ..... (မကြောက်ပါဘုရား)။

အဲဒီအထဲ အပါအဝင်ဖြစ်အောင် ဒကာဒကာမတွေက ကြိုးစားထားနှင့်ရမယ် ..... (မှန်လှပါဘုရား) ဒါလက်လွတ်လို့ ရှိရင် မရဘူးနော် ..... (မရပါဘုရား)။

ဒါ အားလုံး၊ မိမိနဲ့ မိတ်ဆွေ သင်္ဂဟတွေနှင့်တကွ မိမိနဲ့ တကွမိတ်ဆွေသင်္ဂဟတွေ ချစ်ကြ ခင်ကြကြင်နာကြလို့ရှိရင်ဖြင့် ဒီအလုပ်လက်ရှိနဲ့ သေဖို့ရာ အကြောင်းဟာဖြင့် ဒကာကြွယ်တို့ ဒကာသိုက်တို့ တိုက်တွန်းပေးပါ ..... (မှန်လှပါဘုရား)။

အလုပ်လက်ရှိနဲ့သေဖို့ .....(မှန်လှပါဘုရား) အလုပ်လက် ရှိနဲ့ သေလို့ရှိရင် ဒုတိယဘဝ သေသေချာချာ ကိစ္စပြီးတယ် ..... (မှန်လှပါ) မပြီးဘူးလား ..... (ပြီးပါတယ်ဘုရား)။

သို့မဟုတ် ဒုတိယဘဝ မဆိုင်းတော့ပါဘူး၊ ဒီဘဝတွင်လဲ ဒုက္ခချုပ်တဲ့ဆီကို မြင်ပြီးသား ပုဂ္ဂိုလ်ကျတော့လဲ ပြီးသွားတာပဲ

www.dhammadownload.com



..... (ပြီးပါတယ်ဘုရား) ဘယ်ကြောက်တော့မတုံး ..... (မကြောက်ပါဘုရား)။

ဒါဖြင့်(၁)နံပါတ်က သားသမီးနဲ့ပစ္စည်းလဲ ဒကာဒကာမတို့ ဝိပဿနာရှု..... (မှန်လှပါဘုရား) မိမိခန္ဓာလဲ ..... (ဝိပဿနာ ရှုရမှပါဘုရား) သဘောကျပလား..... (ကျပါပြီဘုရား) ပြီးတော့ ကိုလဲ ဘယ်အချိန်မဆို ဉာဏ်ပေါ်တိုင်း နှလုံးသွင်းပါ ..... (မှန်လှပါဘုရား)။

(၃) နံပါတ်ပုဂ္ဂိုလ်နဲ့ (၄) နံပါတ်ပုဂ္ဂိုလ်က သေခါနီး ကျပြန်လို့ ရှိရင်လဲ ကိုယ်လုပ်ထားတဲ့ ဝေဒနာ ဝိပဿနာ ကမ္မဋ္ဌာန်းကြီးကိုကိုယ်ကိုယ်တိုင် မဂ်ဆိုက်အောင်ရှုလိုက်ပါ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါပြီဘုရား)။

ဤလေးချက်နဲ့ သေတဲ့ပုဂ္ဂိုလ်မှာ မကြောက်ဘူးကွ ..... တဲ့၊ မကြောက်တာက ဒီလိုကွတဲ့ ..... စစ်သူကြီး တစ်ယောက်ရှိ တယ်ကွာ၊ ရှင်ဘုရင်ကြီးအခိုင်းအစေ၊ ရှင်ဘုရင်လက်အောက်က စစ်သူကြီးရှိတယ်ကွ ..... တဲ့။

ရှင်ဘုရင် အမိန့်မှတ်လိုက်တယ်၊ စစ်သူကြီး..... ဘယ်ရွာ ဘယ်ဌာနမှာ သူပုန်တွေ ထ, နေတယ်၊ အဲဒါ သွားပြီးသကာလ အ· ·င် စစ်သူကြီးသွားနှိမ်နင်းရမယ်။

www.dhammadownload.com



ဒီလို အမိန့်ပေးလိုက်တဲ့အခါ စစ်သူကြီးမို့ ရှင်ဘုရင်အမိန့်လဲ ဩဇာအာဏာလိုက်နာတဲ့ သဘောထားရှိနေတော့ တပ်ထောင်ကာ ဗိုလ်ထုတွေနဲ့ လူစုပြီး ထွက်တာပေါ့ဗျာ ..... (မှန်လှပါဘုရား)။

ထွက်တော့ဟိုမှာ သူပုန်ထ, နေတဲ့လူတွေနဲ့ ဒီက, လူတွေနဲ့ အားချင်းက မမျှတော့ ဒီကအားက အင်မတန် ကြီးတာနဲ့ နှိမ်နင်းနိုင်ခဲ့တယ် ..... (မှန်လှပါဘုရား) နှိမ်နင်းခဲ့တယ်၊ ပြန်လာခဲ့တယ်၊ ပြန်လာပြီးသကာလ သူ့အိမ်မှာပဲ ဒီနေ့ညအိပ်ပြီး မနက်မှ နန်းတော်ဝင်မယ်၊ စစ်တော့ အောင်ခဲ့ပြီဆိုပြီး သူ့အိမ်မှာသူနေတယ် ..... (မှန်လှပါဘုရား)။

ခုနက လွှတ်လိုက်တဲ့ ရှင်ဘုရင်က ကြားတယ်၊ စစ်သူကြီးဖြင့် ပြန်ရောက်လာပြီ အောင်လဲအောင်ခဲ့သတဲ့ဆိုတော့ ရှင်ဘုရင်က ဆုကြီး လာဘ်ကြီးပေးချင်လို့ တစ်ခါတည်း အသင်စစ်သူကြီး နက်ဖြန်မနက် နန်းတော်ကို ဆက်ဆက်ဝင်ရမတဲ့။

ဟိုက အမိန့်တော်စာချွန် ရောက်လာတော့ သူဟာ နန်းတော်မရောက်ခင်က ဒီစာချွန်ရောက်ကတည်းက ဦးလှဘူးတို့ ဒကာကြွယ်တို့ ဝမ်းသာမှာပဲ ..... (ဝမ်းသာပါတယ်ဘုရား)။

နက်ဖြန်ကျတော့ ရွာစားမြို့စားတော့ ကေန်ပေးတော့မှာပဲ ..... (မှန်လှပါဘုရား) မြန်မာ့ထုံးစံကိုးဗျ၊ ရွာစားမြို့စား ကေန်ပေးတော့မှာပဲ ဆိုတော့၊ ရ, လို့ ဝမ်းသာတာလား၊ မရ, ခင်

www.dhammadownload.com



ဝမ်းသာတာလား.....(မရ, ခင်ဝမ်းသာတာပါဘုရား) ရှင်းပလား၊ (ရှင်းပါတယ်ဘုရား)။

ဒီမှာလဲ ဒကာဒကာမတို့ ခုနက ဝိပဿနာအလုပ်နဲ့ ခုနက ပြောခဲ့တဲ့ အချက်တွေနဲ့ သေတဲ့ပုဂ္ဂိုလ်ကျတော့ ကေန်သုဂတိ ရောက်ပြီး နိဗ္ဗာန်ရောက်မှာ ကေန်မြင်တော့ မသေခင်က သူဘာဖြစ်နေသလဲ ..... (ဝမ်းသာနေပါတယ်)။

အင်း ..... ဒီတင်ဘယ်ကမလဲ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ပြီးသား ပုဂ္ဂိုလ်ဖြစ်နေပြန်လို့ ရှိရင်လဲ သေပြန်တော့လဲ ခန္ဓာဝန်ကြီးချ, ရလို့ဝမ်းသာတယ်..... (မှန်လှပါဘုရား) ဟုတ်လား..... ဒီဘဝတွင်မှက, သေးဘူး..... ဝိပဿနာအလုပ်သာ ခရီးပေါက်နေပါတယ် ဆိုပါတော့လဲ ဒုတိယဘဝ မသေချာလား ..... (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒုတိယဘဝမှာ သေချာတာကို လှမ်းပြီးသကာလ ဒီကနေပြိုးတယ် ..... (မှန်လှပါဘုရား) ဒကာကြွယ် မပြိုးပေဘူးလား ..... (ပြိုးပါတယ်ဘုရား) ခုနက စစ်သူကြီး၊ သဘောကျပလား ..... (ကျပါတယ်ဘုရား)။

အေး ..... အဲဒီအတိုင်းပါပဲ ဒကာဒကာမတို့၊ ခင်ဗျားတို့ ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များကတော့ ပြိုးသေဘက်သေချာတယ် .....(သေချာပါတယ်ဘုရား) သဘောကျပလား.....(ကျပါတယ် ဘုရား)။

www.dhammadownload.com



ရ, လို့ ပြီးတာလား ..... မရ, ခင်ကပြီးတာလား၊ (မရ, ခင်ကပြီးတာပါဘုရား) ရ, မှာသေချာတယ် (သေချာပါတယ်ဘုရား) အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီအတိုင်းလာတယ်.....(မှန်လှပါဘုရား)။

ဒီဘဝ ဝိပဿနာအလုပ်နဲ့သာ သေသွား ဒုတိယဘဝကိစ္စပြီးပေါ့ကွာ.....(ပြီးပါတယ်ဘုရား) ဟောပြီးပြီနော် ဦးလှဘူး.....(ဟောပြီးပါပြီဘုရား) ဟောပြီးတော့ သေချာပြီမဟုတ်လား.....(သေချာပါပြီဘုရား)။

အဲဒါဘုရားသခင်ကိုယ်တော်မြတ်က တိုက်ရိုက်ဟောတဲ့တရားဖြစ်လေသောကြောင့် ဒကာဒကာမတွေ အယုံအကြည်သာ ထားလိုက်တော့ ..... (မှန်ပါ့ဘုရား)။

အယုံအကြည်နဲ့သာ နေလိုက်ပါတော့ဆိုတာ သေသေချာချာ ဒကာကြွယ်တို့ကို မှာရတယ် ..... (မှာရပါတယ်ဘုရား)။

အဲဒါဖြင့် ဒကာဒကာမတို့ကျုပ်တို့ဝိပဿနာအလုပ်သမားတွေ သေလို့ရှိရင် ဘယ်ရောက်မတုံး.....(နတ်ပြည်ရောက်မှာပါဘုရား) သုဂတိနတ်ပြည်ရောက်မယ်၊ ရောက်တော့ ရောက်ရုံပဲလား၊ ရောက်, ရောက်ချင်း အရိယာဖြစ်သလား ..... (ရောက်, ရောက်ချင်းအရိယာဖြစ်ပါတယ်ဘုရား) ဒါ – ဘုရားဟောထားပြီ ..... (ဟောထားပါပြီဘုရား)။

ဘုရားဟောထားတော့ ဒကာဒကာမတွေ၊ ဝိပဿနာ

www.dhammadownload.com



လုပ်ပြီးသား ပုဂ္ဂိုလ်တွေက သေခါနီးအခါကာလ ဝေဒနာရှုပြီး သေတော့ သူသည်ကားလို ဆိုလို့ရှိရင် သူများလိုပဲ ကြောက်သေလား မကြောက်သေလား၊ မဲ့သေလား၊ ပြုံးသေ ဖြစ်မလား ..... (ပြုံးသေ ဖြစ်မှာပါဘုရား) သေသေချာချာ မဖြစ်ပေဘူးလား ..... (ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ မဲ့သေအဖြစ် ဇာတ်သိမ်းလို့ ပြုံးသေအဖြစ်ရောက်အောင် ကြိုးစားပါ ..... (မှန်လှပါ) ဦးလှဘူး ဒါ – အရေးမကြီးဘူးလား ..... (အရေးကြီးပါတယ်ဘုရား)။

နို့ – ဒီလမ်းကလဲ လွဲမယ့်လမ်းလား၊ မလွဲမယ့်လမ်းလား ..... (မလွဲမယ့်လမ်းပါဘုရား) ပြုံးတာနဲ့ မဲ့တာ သာကွဲရမယ် သေတော့ သေမှာချည်းပဲ ..... (မှန်လှပါဘုရား) ပြုံးတာနဲ့ မဲ့တာ တော့ ..... (ကွဲပါတယ်ဘုရား) သေရမှာကတော့ ..... (တွေ့ရမှာပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ သေသေချာချာသာမှတ်ကြ ပါတော့၊ ဝိပဿနာအလုပ်ကို ဘယ်အခါကာလမှ မလျှော့ကြနဲ့ ..... (မှန်လှပါဘုရား) ဝိပဿနာအလုပ် လျှော့လို့ရှိရင်ဖြင့် ဒကာဒကာမတို့ မဲ့သေဘက် သွားလို့ရှိရင်ဖြင့် ခုနက ပြိတ္တာဘုံဘက် စုတေစိတ်လှည့်သွားမယ် ..... (လှည့်ပါတယ် ဘုရား) ပြိတ္တာပဋိသန္ဓေဘက် မလှည့်ပေဘူးလား ..... (လှည့်ပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါကြောင့် ခင်ဗျားတို့ ပြောရတယ်၊ သားရေး၊ သမီးရေး၊ စီးပွားရေး ခင်ဗျားတို့ကတော့ စကားထဲပြောကြတယ် ..... (ပြောပါတယ်) ကိုယ်သွားရမယ့်ခရီး သေချာတဲ့ခရီးထွက်ဖို့ရာ အရေးတော့ မလုပ်ဘူး ..... (မလုပ်ပါဘူးဘုရား) ဆိုတော့ ဒကာကြွယ် ဆရာကောင်း သမားကောင်း ဆိုရင်ဖြင့် ဒီဟာ မြည်ရ,တွန်ရမယ်ဗျ ..... (မြည်ရ, တွန်ရမှာပါဘုရား) မြည်တွန်တောက်ဘိုးပြီးသကာလ သေသေချာချာ တိုက်တွန်းရမယ် ..... (မှန်လှပါဘုရား) မတိုက်တွန်းလို့ တော်ပါ့မလား ..... (မတော်ပါဘုရား)။

ခင်ဗျားတို့ဟာ သားရေး, သမီးရေး, စီးပွားရေး, တစ်ဘဝ တစ်နပ်စားလေး၊ လူ့အောက်မကျရေးအတွက်လောက်သာ ကြိုးစားနေတယ်။

ကိုယ်သေချာတဲ့လမ်း၊ မဲ့ပြီး သေပြီးသကာလ နောက်ဘယ်တော့မှ မပေါ်လာတဲ့လမ်းကိုသွားဖို့အလုပ်တော့ ခင်ဗျားတို့ ရဲရဲတင်းတင်း လုပ်နေတယ် ..... (လုပ်နေပါတယ်ဘုရား) မဟုတ်ဘူးလား ..... (ဟုတ်ပါတယ်ဘုရား)။

ပြူးပြီးသကာလ သံသရာစခန်းသတ်တဲ့ အသေမျိုးသေအောင်တော့ ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ပေါ့နေပါလိမ့်မလဲ ဆိုတဲ့ ဥစ္စာပြောရမယ် ..... (ပြောရမှာပါဘုရား) မပြောသင့်ဘူးလား ..... (ပြောသင့်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီ–ဒကာဒကာမတွေ ဘုန်းကြီးပြောတာ မှတ်မိလောက်ပြီ ..... (မှတ်မိပါတယ်ဘုရား) ရှင်းပလား ..... (ရှင်းပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် ဘယ်အခြေအနေရောက်အောင် တို့ ကြိုးစားသင့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ ..... (မှန်လှပါဘုရား) ပြုံးသေဖြစ်အောင် ..... (ကြိုးစားသင့်ပါတယ်ဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ပြုံးသေ၊ သေတဲ့ပုဂ္ဂိုလ်များကြတော့ သေခါနီးကျမှ ဝေဒနာတွေ ရှုလို့ ဝေဒနာတွေ မှန်းလို့ ဝေဒနာဆုံးသွားတဲ့ ပုဂ္ဂိုလ်များ လက်ယာဘက်စောင်းပြီး သေလေ့ရှိတယ် ..... (မှန်လှပါဘုရား) သွားပြီးသကာလ စောင်းသေနေတဲ့ပုဂ္ဂိုလ်သွားကြည့်ပြန်တော့လဲ ဒီပြင် ပုဂ္ဂိုလ်လို မနေပါဘူးတဲ့၊ အသားအရေတွေ ကြည်ကြည်လွှင်လွှင်နဲ့ပဲ ခပ်ပြုံးပြုံးနဲ့ပဲ၊ သေနေတာ တွေ့ရတယ် ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား) လက်ယာဘက်ခေါင်းကလဲ စောင်းလို့ ..... (မှန်လှပါဘုရား) သွားပြီး ရုပ်ကလာပ်ကို ကြည့်ပြန်တော့လဲ ပြုံးလို့ ..... (ပြုံးလို့ပါဘုရား)။

အင်း ..... ဒါက ဘယ်လိုပုဂ္ဂိုလ်မျိုးပါလိမ့်မတုံး ဆိုတာရောသဘောကျပလား၊ (ကျပါတယ်ဘုရား) အင်း ..... ဝိပဿနာနဲ့ချည်းလာတဲ့ ပုဂ္ဂိုလ် ..... (မှန်လှပါဘုရား)။

သားသမီး အပေါ် တစ်နံပါတ် ဝိပဿနာနဲ့ လာခဲ့သူ ..... (မှန်လှပါ) သားသမီးနဲ့ ပစ္စည်းပေါ် ..... (မှန်လှပါ)။

နှစ်နံပါတ် ခန္ဓာကိုယ်ပေါ်ကိုလဲ ဝိပဿနာနဲ့ လာခဲ့တယ်၊ (မှန်လှပါ)။

www.dhammadownload.com



သုံးနံ့ပါတ်အမြဲမပြတ်ကုသိုလ်အလုပ်တွေလုပ်လေ့ရှိတယ် ..... (မှန်လှပါဘုရား)။

လေးနံ့ပါတ်က သေခါနီး ဝိစိကိစ္ဆာကို ကင်း, သေပစ်လိုက်တယ် ..... (မှန်လှပါဘုရား)။

ဩော် ..... အကြောင်းချုပ်လို့ အကျိုးချုပ်တာပဲလို့ သိလိုက်တယ်..... (မှန်လှပါ)မသိပေဘူးလား..... (သိပါတယ်ဘုရား)။

အဲဒီလို သိတဲ့ပုဂ္ဂိုလ်ကျတော့ ဒကာဒကာမတို့ လက်ယာဘက် ခေါင်းစောင်းပြီး သကာလ သေတဲ့အလောင်းကောင် သွားကြည့်လို့ရှိရင် ပြုံးနေတယ်..... (မှန်ပါဘုရား)။ သဘောကျလား ..... (ကျပါတယ်ဘုရား) ဘာကြောင့် ပြုံးပါလိမ့်မလဲလို့ မေးဖို့မလိုတော့ဘူး ..... (မလိုပါဘုရား)။

အင်း..... ဟိုလာဘ်ကြီးမြင်နေလို့..... (မှန်လှပါ) နိဗ္ဗာန် ဆိုတဲ့ လာဘ်ကြီးသော်လည်းကောင်း ..... (မှန်လှပါ) သုဂတိ ဆိုတဲ့ လာဘ်ကြီးသော်လည်းကောင်း ..... (မှန်လှပါ) သုဂတိ ရောက်ပြန်တော့လည်း သုဂတိ ရောက်မှန်းသိတာက နောက်ကျတယ် ..... (မှန်လှပါ) အင်း ..... သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်တာက ..... (အရင်ပါဘုရား)။

အရင်ကျတယ်ဆိုတော့ အဲဒါတွေလဲ ကြားပြီးသကာလ နေရတာမျိုး ကိုယ့်ကိုယ်ကို စိတ်ချတာကလဲ တစ်မျိုးဆိုတော့ ဦးလှဘူးတို့ ဒကာကြွယ်တို့ ကိုယ့်အတွက် ကိုယ်သိလို့ မပြုံးပေ

www.dhammadownload.com



ဘူးလား ..... (ပြုံးပါတယ်ဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို တိုက်တွန်းရပါတယ်၊ ဒကာဒကာမတို့ သေလမ်းဆိုတာဖြင့် ရှိကြတာချည်းပဲ ..... (ရှိကြပါတယ်ဘုရား) သေလမ်းဆိုတာ ဘာတုံး ..... (ရှိကြပါတယ်ဘုရား) မည်သူလွတ်ပါ့မလဲ ..... (မလွတ်ပါဘုရား)။

သို့သော် ပြုံးလမ်း မဲ့လမ်းကတော့ နှစ်လမ်းရှိလေရဲ့ ..... (ရှိပါတယ်ဘုရား) ဘာလမ်းတဲ့ (ပြုံးလမ်း မဲ့လမ်းပါဘုရား) မဲ့လမ်းက အကြောက်သမားလမ်းလေဗျာ ..... (မှန်လှပါဘုရား) ပြုံးလမ်းက မကြောက်သမားလမ်း (မှန်လှပါ) အင်း ..... ဒကာသိုက်မှတ်မိပလား (မှတ်မိပါတယ်ဘုရား) မဲ့လမ်းက ..... (အကြောက်သမားလမ်း) အင်း ..... ခုနင်ကပြောခဲ့တာကြောင့် ကြောက်တယ် ..... (ကြောက်ပါတယ်ဘုရား)။

အင်း ..... ပြုံးတဲ့ ပုဂ္ဂိုလ်ကတော့ ..... (မကြောက်ပါဘူးဘုရား) မကြောက်တဲ့လမ်း သဘောကျပလား ..... (ကျပါတယ်ဘုရား) ဤကဲ့သို့ ဒကာဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင်မှ သေသေချာချာတဲ့ ငါတော့ ကိစ္စပြီးပါပြီကွာ၊ ငါတော့ မိုရာခိုရာ လဲလျောင်းရာဖြစ်တဲ့ နိဗ္ဗာန်မင်္ဂဖိုလ် မြို့ကြီး ငါသေသေချာချာ မြင်လဲမြင်ရပြီ၊ ရောက်လဲ ရောက်ပါပြီဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ လက်ယာဘက်စောင်းပြီး ပြုံးသေ

www.dhammadownload.com



တာပဲ.....(မှန်လှပါဘုရား)သဘောကျပလား.....(ကျပါတယ်ဘုရား)။

အရှင်သာရိပုတ္တရာ၊အရှင်မောဂ္ဂလာန်တို့လဲ ထိုအတူပဲပေါ့ဗျာ၊ ပြီးသေချည်းပဲ ..... (မှန်လှပါဘုရား) ဒီ, ပြီးသေကျေးဇူးပြုတာကဖြင့် ဒကာဒကာမတို့ ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်ပဲရှိပါတယ် ..... (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ သေတတ်ကြပလား ..... (သေတတ်ပါပြီဘုရား) အင်း ..... ဘာလုပ်ပြီးသေကြမယ် ..... (ဝိပဿနာအားထုတ်ပြီး သေပါ့မယ်ဘုရား) အေး ..... ယခုကအာစိဏ္ဏကံကိုလဲ လုပ်ပါ၊ သေခါနီးလဲ သူနဲ့ပဲ သေလိုက်ပါ ..... (မှန်လှပါဘုရား)။

ဘယ်တော့မှ ဒီပြင်ဟာတွေကို စွဲလမ်းပြီးသကာလကြောင့်ကြဗျာပါရတွေနဲ့ မထားလိုက်ပါနဲ့ ..... (မှန်လှပါဘုရား) ကြောင့်ကြရင် ကြောက်ကြလိမ့်မယ် ..... (မှန်လှပါဘုရား) ကြောက်ရင် ပြိတ္တာဖြစ်ရလိမ့်မယ် ..... (ဖြစ်ရမှာပါဘုရား)။

ပြိတ္တာဖြစ်တဲ့အခါကျတော့ ခင်ဗျားတို့ ကိုယ့်အိမ်မှာပဲ၊ ဥပမာ ကိုယ့်သေတ္တာထဲမှာ ပိုးဟပ်လာဖြစ်နိုင်တယ် ..... (မှန်လှပါ) အိမ်မြှောင်လာဖြစ်နိုင်တယ် ..... (မှန်လှပါ) ခွေး, လာဖြစ်နိုင်တယ် ..... (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ဖြစ်နိုင်တာတွေ ကြည့်တော့ ဒကာကြွယ်ရေ

www.dhammadownload.com



အိမ်သူအိမ်သားတွေ သားသမီးတွေကလဲ ဒီသေတ္တာထဲမှာ ဒီပိုးဟပ်က သူကိုက်တော့မှာပဲ၊ သူ ကျင်ကြီး, ကျင်ငယ်စွန့်တော့ မှာပဲဆိုရင် အတင်းမောင်းထုတ်တယ် ..... (မှန်လှပါဘုရား) ထုတ်ပေဘူးလား ..... (ထုတ်ပါတယ်ဘုရား) အမေရယ် အဖေရယ်လို့ သိသေးရဲ့လား ..... (မသိပါဘုရား)။

အေး ..... ဒါကြောင့် ဒကာဒကာမတွေ အဲဒါ မဲ့သေ သမားတွေဟာ ဒီလမ်းချည်းပဲသွားတာပဲ ..... (မှန်လှပါဘုရား) ပိုးဟပ်များ ဒို့နေရာ မြင်လိုက်တယ်ဆို တော်တော်ကြာ ဒီဖာထဲ ပြန်ဝင်တယ် ..... (မှန်လှပါဘုရား) ငါ့ပိုးကိုးဗျ၊ တောင်မြို့ဆိုတော့ ..... (မှန်လှပါ) ငါ့ပိုးဆိုပြီးပြန်ဝင်လာတာ ..... (မှန်လှပါဘုရား) ရိပ်မိပြီလား ..... (ရိပ်မိပါပြီဘုရား) ဒီအထည်သေတ္တာထဲဆို ငါ့အထည်သေတ္တာမို့ သူပြန်ဝင်တာပဲ ..... (မှန်လှပါ) သဘောကျ ပလား ..... (ကျပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့မဲ့သေသမားက ဒီလမ်းချည်း ပဲဆိုတာ ဒကာသိုက်မှတ်ပေတော့ ..... (မှန်လှပါဘုရား) ပြုံးသေ သမားသည်ကား ဆိုလို့ရှိရင်ဖြင့် ဒီလမ်းကို မဟုတ်ဘူး ..... (မှန်လှပါဘုရား) ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်လမ်းချည်းပဲဆိုတာ ကျေနပ်ပလား ..... (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ တို့တော့ သေရမှာပဲ၊ ပြုံးသေအဖြစ်နဲ့ မရ,ရအောင် ကြိုးစားမယ် ..... (မှန်လှပါ) ဘယ်လိုသေကြမယ်

www.dhammadownload.com



..... (ပြီးသေအဖြစ်မရ, ရအောင်ကြိုးစားရမှာပါဘုရား) ပြီးသေမရ, ရအောင် ကြိုးစားဘို့ တို့အလုပ်ပါ ခု–အချိန်ကလုပ်ပါ ..... (မှန်လှပါဘုရား) ခုအချိန်က ဝေဒနာကို နိုင်အောင် ရှုထားတော့ သေခါနီးကျတော့ ဘယ်ဝေဒနာလာမှာတုံး ဆိုတော့ ဒီဝေဒနာပဲလာမယ် ..... (မှန်လှပါဘုရား)။

အခုအခါမှာ ဒုက္ခဝေဒနာ နိုင်အောင်ရှုနိုင်တဲ့ပုဂ္ဂိုလ်သေခါနီးလဲ ဒီဒုက္ခဝေဒနာက ထူးထူးလည်လည် ဒုက္ခတစ်မျိုး လာမှာလား၊ ဒီဒုက္ခဝေဒနာပဲ လာမှာလား ..... (ဒီဒုက္ခဝေဒနာပဲလာမှာပါဘုရား) ရှင်တုန်းက ပေါ်တာလဲ ဒုက္ခဝေဒနာဖြစ်ပျက်ပဲ ..... (မှန်လှပါဘုရား)။

တစ်မှာဖြစ်။ နှစ်မှာပျက် ..... (မှန်လှပါ)။

သေခါနီးပေါ်တဲ့ ဒုက္ခဝေဒနာရော၊ (တစ်မှာဖြစ် နှစ်မှာပျက်ပါဘုရား)။

သူ့ ဝေဒနာချင်း ထူးသေးရဲ့လား ..... (မထူးပါဘုရား) အဲဒါ မထူးအောင် လုပ်ပြီးသကာလ အင်း ..... သူလဲ အနိစ္စနဲ့ အနတ္တပဲ ရှင်တုန်းဟာလဲ၊ အင်း ..... သေခါနီးပေါ်လာတာရော အနိစ္စနဲ့ ..... (အနတ္တပါဘုရား)။

ဒါဖြင့် အနိစ္စနဲ့ အနတ္တပဲလို့ ကိုယ်က သိနေတော့ အနိစ္စနဲ့ အနတ္တထားလိုက်ပါတော့ သိတာက မဂ္ဂ ဖြစ်သွားတယ်၊ ဖြစ်သွားတော့ ပဋိစ္စသမုပ္ပါဒ်က ဘယ်နှယ်နေသလဲ ..... (ပြတ်ပါတယ်ဘုရား)။

www.dhammadownload.com



မင်္ဂလာတယ် ဆိုကတည်းက ဝေဒနာနိရောဓော တဏှာနိရောဓော ဆိုတဲ့မင်္ဂပေါ်တာ ..... (ပေါ်ပါတယ်ဘုရား) ဝေဒနာချုပ်တာ မြင်တာနဲ့ တဏှာနိရောဓောဆိုတဲ့ မင်္ဂပေါ်တာ ..... (ပေါ်ပါတယ်) ဝေဒနာချုပ်တာ မြင်တာနဲ့ ဘာပြောတာလဲ ..... (မင်္ဂပေါ်ပါတယ်ဘုရား)။

တဏှာနိရောဓောဆိုတော့ ဘယ်သူပေါ်လာသလဲ ..... (မင်္ဂပေါ်ပါတယ်) အဲ ..... တဏှာနိရောဓောဆိုတဲ့ မင်္ဂပေါ်တာဟာ, ဘာမြင်လို့ပါလိမ့် ..... (ဝေဒနာချုပ်တာ မြင်လို့ပါဘုရား) အဲ ..... ဝေဒနာလေးတွေ၏ ချုပ်တာ ပျက်တာ မြင်တာနဲ့ ဘာပေါ်လာလဲ ..... (မင်္ဂပေါ်ပါတယ်ဘုရား) ဒီမင်္ဂကို ဘယ်လိုဆိုကြပါ့ ..... (တဏှာနိရောဓောလို့ဆိုပါတယ်ဘုရား) တဏှာနိရောဓော၊ ရှင်းပလား ..... (ရှင်းပါတယ်ဘုရား)။

အင်း ..... ဒါဖြင့် ဝေဒနာချုပ်တာ မြင်တာက မင်္ဂ ..... (မင်္ဂပါဘုရား) အဲဒါကို စာလိုရွတ်ရင် ဘယ်လိုရွတ်ကြပါ့ ..... (တဏှာနိရောဓောလို့ ရွတ်မှာပါဘုရား)။

တဏှာနိရောဓောဖြစ်တယ်၊ ဩော် ..... တဏှာနိရောဓောဆိုတာ တဏှာချုပ်သွားသလား အောက်မေ့တယ်၊ ဘယ်ဟုတ်မတုန်း တို့, မင်္ဂပေါ်တာဆို ..... (မှန်လှပါ) ဒါ, သေသေချာချာ မှတ်စမ်းပါဦး ..... (မှန်လှပါဘုရား) ဒါ အရေးကြီးလို့ ပြောနေတယ်ဒကာဒကာမတို့ ..... (မှန်လှပါ)။

www.dhammadownload.com



ဝေဒနာချုပ်တာ မြင်တာက မဂ်မဟုတ်လား ,.... (မဂ်ပါဘုရား) အဲဒါကို ဘာဆိုကြမလဲ ..... (တဏှာနိရောဓော) ဩော်-တဏှာနိရောဓောဆိုတော့ တို့က ဝဋ်ဆင်းရဲကြီးမှား ချုပ်သွားတယ် အောက်မေ့တယ် ..... (မှန်လှပါ) ဘယ် ..... တဏှာ, လာမှ မလာပဲ ..... (မလာပါဘုရား) ဘယ်သူလာပါလိမ့်-(မဂ်,လာပါတယ်ဘုရား)။

ဒါဖြင့် မဂ်, လာတာကို မဂ်ကို တဏှာနိရောဓောဆိုတာ ဒကာကြွယ်ရ ..... (မှန်လှပါဘုရား) သဘောကျပလား -(ကျပါတယ်ဘုရား) ဦးလှဘူးရော ကျေနပ်ပလား ..... (ကျေနပ်ပါတယ်ဘုရား)။

တဏှာနိရောဓောဆိုတာ ဘယ်သူပေါ်တာဆိုတာ ..... (မဂ်ပေါ်တာဆိုတာပါဘုရား) အင်း ..... ဖြစ်ပျက်ရှုတဲ့ မဂ်ပေါ်တာကို ဆိုတာ ..... (မှန်လှပါဘုရား)။

ဖြစ်ပျက်မုန်းတဲ့ မဂ်ပေါ်တာကို ဆိုတာ ..... (မှန်လှပါ) ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်တဲ့ မဂ်ပေါ်တာကိုဆိုတာ၊ ရှင်းပလား (ရှင်းပါတယ်ဘုရား)။

အင်း ..... တဏှာနိရောဓောဆိုတော့ တဏှာနိရောဓော၊ တဏှာနိရောဓော ..... (ဥပါဒါနနိရောဓော) အေး..... မမှားစေနဲ့၊ ဥပါဒါနနိရောဓ ..... (ဘဝနိရောဓော) ဘဝနိရောဓ ..... (ဇာတိနိရောဓော) အင်း ..... ဇာတိမလာဘူး ဆိုပါလား ..... (မလာပါဘုရား) ဇာတိနိရောဓ ..... (ဇရာ, မရဏနိရောဓော) ဇရာ, မရဏတွေလဲ မလာတော့ဘူး၊ (မှန်လှပါ)။

www.dhammadownload.com



အင်း ..... ဒါ, နိဗ္ဗာန်မဟုတ်လား ..... (ဟုတ်ပါတယ် ဘုရား) ဇာတိ–ဇရာ–မရဏတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဘာတုန်း – (နိဗ္ဗာန်ပါဘုရား) အင်း ..... ဒါမဂ်ပေါ်လို့ ..... (မှန်လှပါဘုရား)မဂ်ပေါ်လို့ဒါတွေသိမ်းသွားတာ .....(မှန်လှပါ) မဂ်မပေါ်ရင် ဒါတွေသိမ်းပါ့မလား၊ (မသိမ်းပါဘုရား)။

အေး ..... ဒါဖြင့် ဒကာဒကာမတို့, တို့အလုပ်သည်ကားလို့ ဆိုရင်ဖြင့် နောက်ခန္ဓာဇာတ်သိမ်း၍ နောက်ဒုက္ခ ဇာတ်သိမ်း၍ ငြိမ်းတဲ့အလုပ်ဟာ ပြူးသေမှုပဲ ငြိမ်းနိုင်တယ်–(မှန်လှပါ) ပြူးသေ အလုပ် မလုပ်လို့ ဆိုရင်ဖြင့် ..... (မငြိမ်းနိုင်ပါဘူးဘုရား) မငြိမ်း နိုင်ပါဘူး၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ ..... (ဇာတိပါ ဘုရား)။

အင်း ..... ပြဲတ္တာ ဇာတိလေဗျာ၊ (မှန်လှပါဘုရား) ဇာတိ ပစ္စယာ ..... (ဇရာ မရဏပါဘုရား) ဘယ်ဇရာ မရဏဖြစ်ဖြစ် ဇရာမရဏ ပေါ်လာလို့ရှိရင်ဖြင့် သောကပရိဒေဝ ဒုက္ခဒေါမနဿ မလိုက်ပေဘူးလား ..... (လိုက်ပါတယ်ဘုရား)။

အဲဒီထဲ အာသဝပါလာတယ် ..... (မှန်လှပါ) အာသဝ သမုဒယာ (အဝိဇ္ဇာသမုဒယောပါဘုရား) အဝိဇ္ဇာသမုဒယော ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြန်စ, တယ် ..... (စ; ပါတယ်ဘုရား)။

အင်း ..... ဒကာကြွယ်ရေ ..... ဝိုင်းပြန်ပြီ –(ဝိုင်းပါတယ်

www.dhammadownload.com



ဘုရား) အဲဒါ မဲ့သေသမားက အဝိုင်းပြေး (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ပြီးသေသမားက အဆက်ပြတ် ..... (မှန်လှပါ) ဘာ အဆက်ပြတ်ပါလိမ့်မတုံးလို့ မေးရင် ဒုက္ခအဆက်ပြတ်တာ ..... (မှန်လှပါဘုရား) နားလည်ကြပလား ..... (နားလည်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သည် ဘယ်အသေသည်ကားလို့ ဆိုရင်ဖြင့် သေတော့သေရမှာပဲ မလွတ်နိုင်တဲ့ လမ်းကိုး ..... (မှန်လှပါဘုရား) ကဲ ..... ဒါဖြင့် ဒကာဒကာမတို့ ဘယ်အသေ သည် တို့သည်ကားလို့ ဆိုလို့ရှိရင် ကိုယ်ပိုင်လုပ်ထားဖို့ ဘာအရေး ကြီးပါလိမ့် (ပြီးသေသေဖို့ အရေးကြီးပါတယ်ဘုရား) ပြီးသေသေဖို့ အလုပ်ကို လုပ်ထားရမယ် ..... (မှန်လှပါဘုရား)။

ပြီးသေ သေဖို့ လုပ်ထားမယ်ဆိုရင် အခုကတည်းက သားသမီးနဲ့ ပစ္စည်းကိုလဲ ဝိပဿနာတင် ..... (မှန်လှပါဘုရား) အတုံးကြီး လုပ်မနေနဲ့ ဖြစ်ပျက်တွေ မြင်အောင်လုပ် (မှန်လှပါ ဘုရား) မိမိခန္ဓာကိုယ်လဲ ..... (ဖြစ်ပျက်ရှုရမှာပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

နေ့တိုင်းလဲ ဘာလုပ်ရမယ် ..... (ဖြစ်ပျက်ရှုရမှာဘုရား) ဖြစ်ပျက်ကုသိုလ်တွေနဲ့ပဲ နေရမယ်ပေါ့ဗျာ ..... (မှန်လှပါဘုရား) သေခါနီးကျတော့ ဝေဒနာဖြစ်ပျက်ရှုပြီး ..... (သေရမှာပါဘုရား) သေရလိမ့်မယ် ..... (မှန်လှပါ)။

ဤလေးချက်နဲ့ညီအောင် နေနိုင်တဲ့ပုဂ္ဂိုလ်သည် နက်ဖြန် ဆုလာဘ်ကြီး ရမှာလိုပဲ ..... (မှန်လှပါ) သေချာသောကြောင့်

www.dhammadownload.com



ပြုံးရတယ် ..... (ပြုံးရပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ လူသေကောင်မြင်တာချင်းတော့ အတူတူပဲ၊ အပါယ်သွားတဲ့ ပုဂ္ဂိုလ်၊ သုဂတိ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ ခင်ဗျားတို့ခွဲနိုင်ပါတယ်..... (ခွဲနိုင်ပါတယ်ဘုရား) မခွဲနိုင်ဘူးလား ..... (ခွဲနိုင်ပါတယ်ဘုရား)။

လူသေကောင် မြင်လိုက်လို့ရှိရင် ဘယ်လိုခွဲနိုင်ကြမလဲ ..... (သုဂတိ နိဗ္ဗာန်သွားမယ့် ပုဂ္ဂိုလ်ဟုတ်မဟုတ် ခွဲနိုင်ပါတယ်ဘုရား) သုဂတိ နိဗ္ဗာန်သွားမယ့် ပုဂ္ဂိုလ်က ပြုံးနေတယ် ..... (ပြုံးနေပါတယ်ဘုရား) ရှင်းပလား ..... (ရှင်းပါတယ်ဘုရား)။

အပါယ်လေးပါး သွားမယ့်ပုဂ္ဂိုလ်က ..... (မဲ့နေပါတယ်ဘုရား)အဲ ..... မဲ့ပြီးသကာလ လူသေကောင်ကိုကပြတယ်..... (မှန်လှပါဘုရား) သူများကပြတာလား..... (မဟုတ်ပါဘူးဘုရား) အသေကောင်ကိုက ပြတယ် ..... (ပြပါတယ်ဘုရား)။

အဲဒီတော့ သေခါနီးမှ အရှက်တကွဲ အကျိုးနည်းနဲ့ ဒကာကြွယ်တို့၊ ဒကာသိုက်တို့၊ ဦးလှဘူးတို့ လူကြီးလူကောင်းတွေ ကွာ သေခါနီးကျမှ မဲ့နေသဟေ့ ..... အလောင်းကြည့်ရတာ ..... (မှန်လှပါ) အဲဒီလို အရှက်ကွဲလိုက်မှာများ သိပ်ကြောက်စရာကောင်းတယ် – (ကြောက်စရာကောင်းပါတယ်ဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

အဲဒီကျမှ အရှက်ကွဲတော့ ကိုယ့်ဟာကိုယ်ရော ပြန်ဆည်နိုင်သေးရဲ့လား ..... (မဆည်နိုင်ပါဘူးဘုရား) အခုတော့ ဖုံးကာ

www.dhammadownload.com



ဖိကာလေးနဲ့ ကျုပ်ပြောတာဗျာ မှားတော့မှားသွားတယ် သတိလေး လွတ်လို့ပါဆိုတော့ ဖုံးလို့ရသေးတယ် ..... (ရပါတယ်ဘုရား)။

ဟိုအချိန်ကျတော့ ရပါ့မလား ..... (မရပါဘုရား) အဲဒါကြောင့် သေခါနီး အရှက်တကွဲအကျိုးနည်းနဲ့ မဲ့သေ ပုံသဏ္ဌာန်ကြီးများထွက်နေမယ်ဆိုရင် ကိုယ်ကျိုး ဒို့ထက်နည်းတာ မရှိပါဘူး ..... (မရှိပါဘုရား) ရှိသေးရဲ့လား ..... (မရှိပါဘူး ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ရှင်တုန်းကတည်းက သေခါနီး အရှက်ကွဲတဲ့ အလုပ်ကို ကြောက်ပြီးသကာလ ဒီအလုပ်နဲ့ပဲ နေတော့မယ်၊ ဒါမှ သေခါနီးအရှက်ကွဲလွတ်ပြီးသကာလ ပြုံးသေ အဖြစ်သို့ ရောက်ပြီး လူ့, နတ် ဦးခိုက် ပူဇော်ထိုက်တဲ့ အရိုးက ဓာတ်တော်ကျအောင်လုပ်ပါ ..... (မှန်လှပါဘုရား) မလုပ်ထိုက် ဘူးလား ..... (လုပ်ထိုက်ပါတယ်ဘုရား) သဘောပါပဲလား (ပါ, ပါတယ် ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပြုံးသေဇာတ်သည် ဝိပဿနာမှပဲ ခင်းနိုင်တယ် ..... (မှန်လှပါဘုရား) ပြုံးသေဇာတ်ကို ဘာမှ ခင်းနိုင်သတုံး ..... (ဝိပဿနာမှ ခင်းနိုင်ပါတယ်ဘုရား) ဝိပဿနာ နဲ့ပဲ ကိစ္စပြီးတော့တယ် ..... (မှန်လှပါဘုရား)။

ဒီ့ပြင်ဟာတွေကတော့ ဝေဒနာရှိနေတယ် ဆိုလို့ရှိရင်ဖြင့် ကျောင်းကန်ဘုရားတွေ ဆောက်ထားသော်ငြားလဲ အင်း .....

www.dhammadownload.com



ဒီဝေဒနာ ပြင်းထန်လေလေ အင်း ..... ဦးလှဘူးတို့၊ ဒကာကြွယ်တို့၊ ဒကာသိုက်တို့ ဟိုဟာတွေ သတိမရလေလေ ..... (မှန်လှပါဘုရား)။

အခုဟာကတော့ ဝေဒနာနဲ့ ဉာဏ်နဲ့က ကပ်မနေဘူးလား ..... (ကပ်နေပါတယ်ဘုရား) အဲ ..... ကပ်နေတဲ့ အခါကျတော့ ဝေဒနာ ဘယ်လိုပင် ဆက်နေစေကာမူ ကျုပ်တို့က ဝေဒနာကြား ဉာဏ်ထိုးရမယ် ..... (မှန်လှပါဘုရား) ရိပ်မိပလား ..... (ရိပ်မိပါပြီဘုရား)။

ဝေဒနာကြား ဉာဏ်ထိုးရမယ် ..... (မှန်လှပါ) ဝေဒနာ တစ်ခုနဲ့ တစ်ခုကြား ဘာထိုးရမလဲ ..... (ဉာဏ်ထိုးရပါမယ် ဘုရား)။

ဉာဏ်ထိုးတဲ့အခါကျတော့ဖြင့် အင်း ..... ဝေဒနာက အပျက်, ထိုးလိုက်တဲ့ဉာဏ်က မဂ် ..... (မဂ်ပါဘုရား) နောက်တစ်ခါ ထိုးလိုက်ပြန်တော့ ဝေဒနာက အပျက်၊ ထိုးလိုက်တဲ့ ဉာဏ်က ..... (မဂ်ပါဘုရား)။

အဲဒီလို ဝေဒနာအပျက်နဲ့ ဉာဏ်မဂ်နဲ့နောက်က ဆက်, ဆက်သွားလို့ရှိရင် ဝေဒနာဟာ တစ်စပ်တည်း ဖြစ်နေတယ်လို့ ထုံးစံမရှိဘူး ..... (မှန်လှပါဘုရား) ဖြစ်ပျက်သာ ရှိတယ်ဆိုတာ သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာဟာ တစ်တန်းကြီးနေသလား၊ ဖြစ်ပျက်

www.dhammadownload.com



သဘောနဲ့နေသလား ..... (ဖြစ်ပျက်သဘောနဲ့ နေပါတယ် ဘုရား) အဲဒီဖြစ်ပျက်သဘောနဲ့နေတော့ ဒီကြား, ကျုပ်တို့က ဉာဏ်ထိုးပေါ့ဗျာ ..... (မှန်လှပါဘုရား) ဉာဏ်ထိုးလိုက်တော့ အပျက်နဲ့ မဂ်နဲ့ဟာ ဆက်မသွားဘူးလား၊ (ဆက်သွားပါတယ် ဘုရား) အပျက်နောက်ကမဂ်၊ အပျက်နောက်ကမဂ်၊ လိုက်မနေ ဘူးလား၊ (လိုက်နေပါတယ်ဘုရား) အပျက်နောက်ကမဂ်လိုက်နေ တော့ အပျက်ချည်းပဲ မြင်လာမှာပဲ၊ (မှန်လှပါဘုရား)။

နာသေး၊ ကျင်သေး၊ ကိုက်သေးရဲ့လား၊ (မကိုက်ပါဘုရား) အဲ - မကိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် အင်း - အပျက်နဲ့ မဂ်, ကိုက်သွားရော ..... (မှန်လှပါ) နောက်ကျတော့ သေခါနီးပဲ၊ ဒီ ဥစ္စာ ဒီအပျက်ကြီးဖြင့် မုန်းပါပေါ့ဆိုတာ မလာဘူး (လာပါတယ်ဘုရား)၊ အေး ..... ဝေဒနာလေး ဖြစ်နေတယ် အပျက်ချည်းပဲ ဖြစ်နေတော့ မမုန်းပေဘူးလား၊ (မုန်းပါတယ် ဘုရား)။

အင်း၊ သူမရှိမှသာ အေးမှာပဲ၊ သက်သက်ဒုက္ခသစ္စာ အစစ် ပဲလို့လဲ ဆုံးဖြတ်ချက်ချပါရော ဝေဒနာ ဆုံးသွားတယ်၊ (ဆုံးပါတယ်) ဝေဒနာဆုံးတယ်လို့ ရှိရင်ဖြင့် ဒကာဒကာမတို့ နိဗ္ဗာန် ပေါ်လာတယ် (နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။

ဝေဒနာဆုံးပါတယ်ဆိုတော့ ဝေဒနာနဲ့တကွ ခန္ဓာငါးပါး ဆုံးတယ် ..... (ဆုံးပါတယ်ဘုရား) ဆုံးသွားတော့ ဒီနေရာ

www.dhammadownload.com



ဘယ်သူပေါ်လာ ,.... (နိဗ္ဗာန်ပေါ်လာပါတယ်ဘုရား)။

ဟာ ..... ဒါဖြင့် နိဗ္ဗာန်အာရုံပြုပြီးသကာလ ဒကာဒကာမတွေ အင်း ..... မင်္ဂဆိုက်ပြီး သေမသွားရပေဘူးလား ...... (သေသွားရပါတယ်ဘုရား) သေသွားတော့ သေသည်၏ အခြားမဲ့၌ ဒကာဒကာမတို့ အင်း ..... ဝင်္ဂကျွတ်ပြီဆိုပြီး သေတဲ့ပုဂ္ဂိုလ် ..... (မှန်လှပါဘုရား)။

ခန္ဓာဝန်ကြီးထမ်းလာခဲ့ရတာ ကြာပြီပေါ့ ..... (ကြာပါပြီဘုရား) အင်း ..... ဒီတစ်ခါဖြင့် ခန္ဓာဝန် ခန္ဓာကျွန်အဖြစ်မှ လွတ်ပေပေါ့ဆိုပြီးတော့ မပြုံးပေဘူးလား၊ ပြုံးမလား ..... (ပြုံးမှာပါဘုရား)။

အဲဒီလို ပြုံးသေတဲ့ ပုဂ္ဂိုလ်မှသာလျှင် အရှက်တကွဲ အကျိုးနည်းမသာ, မဖြစ်မှာ ..... (မှန်လှပါဘုရား) နို့မို့လို့ရှိရင်ဖြင့် အခုလို တရားနာထားတဲ့ ပုဂ္ဂိုလ်တွေက ဘယ်ပုဂ္ဂိုလ်မဆို သွားကြည့်ကြမှာပဲ၊ တရားနာမိတ်ဆွေတွေထဲက တစ်ယောက်ယောက်သေလို့ရှိရင် ..... (မှန်လှပါဘုရား)။

ဝါလူ့ ဘယ့်နှယ်တုံး၊ ပြုံးသလား မဲ့သလားဆိုတာ လူတိုင်းအကဲခတ်မှာ – (ခတ်မှာပါဘုရား) မခတ်ပေဘူးလား ..... (ခတ်မှာပါဘုရား)။

အဲဒီတော့ ခတ်လိုက်တဲ့အခါကျတော့ ဥပမာ ..... လူကြီးလူကောင်းတွေဖြစ်ပြန်, မဲ့လဲ နေပြန်ဆိုတော့ အင်း ..... သနား

www.dhammadownload.com



စရာ ဆိုတဲ့ အဓိပ္ပာယ် ထွက်လာလိမ့်မယ် ..... (မှန်လှပါဘုရား) မထွက်ပေဘူးလား ..... (ထွက်မှာပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ကိုယ်လူကြီးလူကောင်းတွေလဲ ဖြစ်ကုန်ပြီ၊ ဆရာကောင်း တပည့်တွေလဲ ဖြစ်ကုန်ပြီ၊ ဒီအထဲကမှ မဲ့သေအဖြစ်ဖြင့် ဇာတ်သိမ်းတော့မယ်ဆိုရင် အရှက်တကွဲ အကျိုးနည်းတော့မယ်။

ပြုံးသေမယ်ဟဲ့..... ဆိုတာ၊ ဆုံးဖြတ်ချက်ချပါ ..... (မှန်လှပါဘုရား)။

ကိုင်း ..... ဒီနေ့ ဒီတွင် တော်ကြစို့။

သာဓု .... သာဓု ..... သာဓု ပါ – ဘုရား

❄ ❄ ❄